ATHAN အသံ

အသံ
လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့

သုတေသန အစီရင်ခံစာ

တော်လှန်ရေးကာလအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တော်လှန်ရေးအစိုးရများ၊ အင်အားစုများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အခြေအနေကို ဆန်းစစ်ခြင်း

မြေပြင်ဖြစ်စဉ်လေ့လာချက်များ၊ တွေ့ရှိချက်များနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များ

အောက်တိုဘာလ၊ ၂၀၂၆

ဖြစ်စဉ်လေ့လာချက် (၄) ခု၊ အင်တာဗျူး (၆) ဦး၊ အကြံပြုချက် (၂၃) ချက်

မာတိကာ

အတိုကောက်များ 1

ဝေါဟာရ ရှင်းလင်းချက် 2

သုတေသန အနှစ်ချုပ် 3

၁.၁။ ရည်ရွယ်ချက်နှင့် သုတေသနမေးခွန်းများ 8

၁.၂။ နယ်ပယ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် 8

၂.၁။ အချက်အလက်ကောက်ယူခြင်းနှင့် ရွေးချယ်မှု 9

၂.၂။ သုတေသန မူဘောင်နှင့် ခွဲခြမ်းစိတ်ဖြာပုံ 10

၂.၃။ ဖြစ်စဉ်လေ့လာချက်များ ရွေးချယ်ပုံ 10

၂.၄။ ကျင့်ဝတ်ဆိုင်ရာ စောင့်ထိန်းမှုများ 11

၂.၅။ ကန့်သတ်ချက်များ 11

ဖြစ်စဉ်လေ့လာချက်များနှင့် တွေ့ရှိချက်များ 13

ဖြစ်စဉ်များ ရွေးချယ်မှုနှင့် နောက်ခံအကြောင်းရင်း 13

၃.၁။ ဖြစ်စဉ်များ ရွေးချယ်မှု၊ နောက်ခံနှင့် ဖတ်ရှုပုံ 13

၃.၂။ ဖြစ်စဉ် (၁) သဘာဝပတ်ဝန်းကျင် တရားမျှတမှုနှင့် သယံဇာတစီမံခန့်ခွဲမှု 14

၃.၃။ ဖြစ်စဉ် (၂) မြေပြင်အုပ်ချုပ်ရေး၊ လူ့အခွင့်အရေးနှင့်
ကျား–မ အခြေပြုအကြမ်းဖက်မှု 18

၃.၄။ ဖြစ်စဉ် (၃)ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်နှင့် နယ်မြေစိုးမိုးရေးကန့်သတ်ချက်များ . . . 20

လေ့လာတွေ့ရှိချက် – ဒစ်ဂျစ်တယ်နှင့် အင်တာနက်လွတ်လပ်ခွင့် 24
၃.၅။ ဖြစ်စဉ် (၄) သတင်းမီဒီယာဖိနှိပ်မှုနှင့် သတင်းထောက်များ၏
ဘေးကင်းလုံခြုံရေး 24

၄.၁။ ဖိနှိပ်မှုနှင့် တုံ့ပြန်မှုပုံစံများ 27
၄.၂။ တော်လှန်ရေးလက်နက်ကိုင် တပ်ဖွဲ့များ၏ အကြောင်းပြချက်များ 30
၄.၃။ လက်တွေ့တာဝန်ယူမှု အခြေအနေနှင့် အုပ်ချုပ်ရေးအကျပ်အတည်း 33
၄.၄။ နိုင်ငံတကာ စံနှုန်းဖြင့် ဆန်းစစ်ချက်နှင့် အချိုးအစားဆိုင်ရာ မှတ်ချက် 36

၆.၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သို့ 46
၆.၂။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် တော်လှန်ရေးလက်နက်ကိုင်
တပ်ဖွဲ့များသို့ 48
၆.၃။ ဒေသအုပ်ချုပ်ရေးအဖွဲ့များသို့ 50
၆.၄။ အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများသို့ 52
၆.၅။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များသို့ 54

အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း

အသံ – လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လူငယ်များ မှစုစည်းကာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ **Research Team For Telecommunications Law** နှင့် **We Support Journalists** အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အသံသည် အဓိကဦးတည် ချက် (၃) ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေးခြင်းတို့မှတဆင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသနအခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းဖြစ်သည်။

သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတား ဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ် လေ့လာဖော်ထုတ် မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာ အဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော **Human Rights Tulip Award** ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီ စံနှုန်းတခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

အတိုကောက်များ

အတိုကောက်	အပြည့်အစုံ
KIA / KIO	ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independence Army)/ ကချင်လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization)
KNU	ကရင်အမျိုးသားအစည်းအရုံး (Karen National Union)
NUG	အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government)
MOD	ကာကွယ်ရေးဝန်ကြီးဌာန (Ministry of Defence, NUG)
PDF	ပြည်သူ့ကာကွယ်ရေးတပ်မတော် (People's Defence Force)
MDY-PDF	မန္တလေး ပြည်သူ့ကာကွယ်ရေးတပ်မတော်
AA	အာရက္ခတပ်တော် (Arakan Army)
TNLA	တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်
MNDAA	မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်
ABWU	ဗမာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများသမဂ္ဂ
UBNA	Upper Burma News Agency
BNA	Border News Agency
MFP	Mandalay Free Press
ERO	တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း (Ethnic Revolutionary Organization)
ICCPR	နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်
UDHR	လူ့အခွင့်အရေး ကမ္ဘာ့ကြေညာစာတမ်း

ဝေါဟာရ ရှင်းလင်းချက်

ဝေါဟာရ	ဤစာတမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုပုံ
စိုးမိုးနယ်မြေ	တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များ၊ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့နှင့်ဆက်စပ်သော ဒေသအုပ်ချုပ်ရေးအဖွဲ့များက လက်တွေ့ထိန်းချုပ်၊ အုပ်ချုပ်နေသည့် နယ်မြေ
ဒလန်	စစ်တပ်နှင့် အာဏာသိမ်းအစိုးရသစ်အတွက် သတင်းပေး၊ ကူညီသူဟုစွပ်စွဲသည့်စကားရပ်။ ဤစွပ်စွဲမှုသည် အကြမ်းဖက်ခံရမှုနှင့် လူမှုရေးဖိအားကို ဖြစ်စေတတ်သည်။
လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်	ထင်မြင်ယူဆချက်ကို ဝေဖန်ထုတ်ဖော်ခွင့်၊ သတင်းအချက်အလက်များ ရှာဖွေ၊ လက်ခံ၊ ဖြန့်ဝေခွင့် (UDHR အပိုဒ် ၁၉ အရ)၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ဒစ်ဂျစ်တယ်နယ်ပယ်တွင် ဆက်သွယ်ခွင့်အပါအဝင်
မိမိကိုယ်ကို ဆင်ဆာဖြတ်တောက်ခြင်း (Self-censorship)	အရေးယူခံရမည်ကို စိုးရိမ်၍ မိမိကိုယ်တိုင် ပြောဆိုရေးသားမှုကို ထိန်းချုပ်ခြင်း
အာဏာရှင် ကူးစက်မှု (Authoritarian Contagion)	တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့သည် ၎င်းတို့ ဆန့်ကျင်၊ တော်လှန်နေသော အာဏာရှင်စနစ်၏ လုပ်ဆောင်ပုံများကို မသိစိတ်ဖြင့် ပြန်ကျင့်သုံးမိသည့် ဖြစ်စဉ်ကို ဆိုလိုသည်

သုတေသန အနှစ်ချုပ်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု (၅) နှစ်ကျော်ကြာပြီးနောက် တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် နိုင်ငံဒေသအများအပြားကို ထိန်းချုပ်လာနိုင်ကြသည်။ ၎င်းတို့ရရှိထားသည့် စိုးမိုးနယ်မြေများအတွင်း အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေးနှင့် အများပြည်သူဝန်ဆောင်မှုများကိုပါ တာဝန်ယူ ဆောင်ရွက်နေကြသည်။ ဤသုတေသနသည် အဆိုပါ စိုးမိုးနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် မည်မျှရှိနေသည်၊ ဝေဖန်သူများ၊ သတင်းသမားများနှင့် လူ့ရပိုင်ခွင့်ချိုးဖောက်မှုများကို မှတ်တမ်းတင်သူများသည် မည်သို့သောအခက်အခဲများ ရင်ဆိုင်နေရသည်နှင့် အာဏာပိုင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု အခြေအနေ မည်သို့ရှိသည်ကို လေ့လာထားခြင်း ဖြစ်သည်။ ဤသုတေသနကို အင်တာဗျူးဖြေဆိုသူ (၆) ဦးနှင့် ဖြစ်စဉ်လေ့လာချက် (၄) ခုအပေါ် အခြေခံထားသဖြင့် တော်လှန်ရေးနယ်မြေအားလုံးအတွက် ယေဘုယျ ကောက်ချက်ချခြင်း မဟုတ်ဘဲ လေ့လာခဲ့သည့် ဖြစ်စဉ်များတွင် ထပ်ခါတလဲလဲ တွေ့ရသည့် ပုံစံများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။

သုတေသန နည်းလမ်း

ဤသုတေသနတွင် အရည်အသွေးဦးစားပေး သုတေသန (Qualitative Research) နည်းလမ်းကို အသုံးပြုထားသည်။ သတင်းမီဒီယာသမား (၂) ဦး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ လေ့လာသုံးသပ်သူ (၁)ဦး၊ တက်ကြွလှုပ်ရှားသူ (၁)ဦးနှင့် အုပ်ချုပ်ရေးဘက်မှ ပါဝင်သူ (၂) ဦး စုစုပေါင်း ၆ ဦး (ကျား (၃) ဦး၊ မ (၃) ဦး) ကို Zoom နှင့် Signal မှတဆင့် လုံခြုံစွာ မေးမြန်းခဲ့သည်။ ရရှိလာသော အချက်အလက်များကို ဒေသ အာဏာပိုင်များ၏ မူဝါဒများ၊ ထုတ်ပြန်ချက်များနှင့် သတင်းဖော်ပြချက်များဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့သည်။ ထို့အပြင် ဖြစ်စဉ်လေ့လာချက် (၄) ခုကို အသေးစိတ် လေ့လာခဲ့သည်။

- ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ရှားပါးမြေသတ္တုတူးဖော်ရေးကို ကန့်ကွက်သည့် ဒေသခံများအား KIA က ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဖြစ်စဉ် (၂၀၂၄)

- စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင်တွင် တပ်ရင်းမှူးကကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ကျား-မ အခြေပြုအကြမ်းဖက်မှုကို ထုတ်ဖော်ပြောဆိုခဲ့သော ရဲမေတဦးကို ဖမ်းဆီးခဲ့သည့်ဖြစ်စဉ် (၂၀၂၅)

- မန္တလေးတိုင်း စဉ့်ကူးမြို့နယ်တွင် Starlink အင်တာနက် အသုံးပြုခွင့်ကိုကန့်သတ်ပြီး ဒဏ်ငွေချမှတ်ခဲ့သည့် ဖြစ်စဉ် (၂၀၂၅)

- ကချင်၊ ရခိုင်နှင့် မန္တလေးဒေသများတွင် လက်နက်ကိုင်အဖွဲ့များက သတင်းထောက်များကို ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်များ

အဓိက တွေ့ရှိချက်များ

(၁) ဖိနှိပ်မှု ပုံစံနှစ်မျိုး

ဝေဖန်မှုများကို တုံ့ပြန်ရာတွင် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့များက နည်းလမ်းနှစ်မျိုးလုံးကို သုံးနေကြသည်။ ပထမတမျိုးမှာ အုပ်ချုပ်ရေးယန္တရားမှတဆင့် ပြုလုပ်သော ဖိနှိပ်မှုဖြစ်ပြီး အမိန့်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်ခြင်းနှင့် သတင်းသမားများကို ဖမ်းဆီးချုပ်နှောင်ခြင်းတို့ ပါဝင်သည်။ ဒုတိယတမျိုးမှာ ယန္တရားပြင်ပမှပြုလုပ်သော ဖိနှိပ်မှုဖြစ်ပြီး ခြိမ်းခြောက်ခြင်း၊ အွန်လိုင်းပေါ်တွင်တိုက်ခိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်ဖော်ထုတ်ခြင်းနှင့် ဒလန်ဟု စွပ်စွဲခံရမည်ကို စိုးရိမ်ရသည့် လူမှုရေးဖိအားတို့ ပါဝင်သည်။ အင်တာဗျူးတွင်ပါဝင်ထားသည့် သတင်းသမားသည် ထိန်းသိမ်းခံရစဉ် ရိုက်နှက်ခြင်း၊ မျက်နှာဖုံးအုပ် ချုပ်နှောင်ခြင်းကဲ့သို့ ပြင်းထန်သော ညှဉ်းပန်းမှုများကိုပါ ကြုံတွေ့ခဲ့ရသည်။

(၂) အကြောင်းပြချက်များ

ဝေဖန်မှုများကိုပိတ်ပင်ရာတွင် တော်လှန်ရေးကို ထိခိုက်စေသည်၊ ရန်သူကို အကျိုးပြုသည်၊ စစ်ရေးလုံခြုံရေးစသည့် အကြောင်းပြချက်များကို အများဆုံး သုံးကြသည်။ ဤအကြောင်းပြချက်များသည် ဝေဖန်ချက်၏ အချက်အလက်မှန်ကန်မှုကို မစိစစ်ဘဲ ပြောဆိုသူကိုသာ ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်။

(၃) တာဝန်ခံမှု အားနည်းခြင်း

စိုးမိုးနယ်မြေအများစုတွင် ဒေသခံများတိုင်ကြားနိုင်မည့် ရှင်းလင်းသော ယန္တရား မရှိသေးပါ။ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) တွင် တိုင်ကြားစာလက်ခံသည့် ကော်မတီရှိသော်လည်း မြေပြင်ရှိဒေသခံများထံ မရောက်ရှိသေးပါ။ ဒေသအုပ်ချုပ်ရေး တာဝန်ရှိသူအများစုသည် ပြည်သူရွေးချယ်ထားသူများ မဟုတ်ဘဲ အထက်မှ ခန့်အပ်ထားသူများ ဖြစ်သောကြောင့် ပြည်သူ့အပေါ် တာဝန်ခံရမည့် ခံယူချက် အားနည်းနေသည်။

(၄) သယံဇာတ စီမံခန့်ခွဲမှု

သတ္တုတူးဖော်ရေး၊ အခွန်ကောက်ခံရေးနှင့် ဝင်ငွေအသုံးချမှုအပေါ် ပွင့်လင်းမြင်သာမှုရရှိရန် တောင်းဆိုသူများ သည် ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို အဓိက ရင်ဆိုင်နေရသည်။ စစ်ရေးအတွက် ငွေကြေးလိုအပ်ချက်က ဒေသခံများ၏ အသံထက် ဦးစားပေးခံနေရသည်။

(၅) ဒစ်ဂျစ်တယ် လွတ်လပ်ခွင့်

လုံခြုံရေးကို အကြောင်းပြ၍ Starlink အသုံးပြုခွင့်ကို ကန့်သတ်ခြင်း၊ သုံးစွဲသူ စာရင်းပေးသွင်းခိုင်းခြင်းနှင့် ကျပ်သိန်း (၂၀) အထိ ဒဏ်ငွေ ချမှတ်ခြင်းတို့ရှိနေသည်။ ယင်းသည် ဒေသခံများ၏ သတင်းရယူခွင့်ကိုသာ မက စစ်ဘေးရှောင်ရာတွင် လိုအပ်သော ဘေးကင်းလုံခြုံရေးနှင့် အသက်ရှင်သန်ခွင့်ကိုပါ ထိခိုက်စေသည်။ ထို့အပြင် စစ်တပ်၏ ဒစ်ဂျစ်တယ်စောင့်ကြည့်ထိန်းချုပ်မှုပုံစံနှင့် ဆင်တူနေသည်ကို တွေ့ရသည်။

နိဂုံး

လေ့လာခဲ့သောဖြစ်စဉ်များအရ တော်လှန်ရေးအဖွဲ့များသည် ဒီမိုကရေစီနှင့် လူ့ရပိုင်ခွင့်ကို မူဝါဒအဆင့်တွင် လက်ခံထားကြသော်လည်း လက်တွေ့မြေပြင်တွင်မူ စစ်ရေး၊ လုံခြုံရေး၊ တော်လှန်ရေးစသည့် အကြောင်းပြချက်များဖြင့် ပြည်သူ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နေကြသည်။ ဤကွာဟချက်ကို ယခုကတည်းက မပြင်ဆင်ပါက တွန်းလှန်နေသော အာဏာရှင်စနစ်၏ အလေ့အထများကိုပင် ပြန်လည် ကူးစက်ယူလာမည့် အာဏာရှင်ကူးစက်မှု (Authoritarian Contagion) အန္တရာယ်ရှိသည်။ ထိုသို့ဖြစ်ပါက အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်၏ အခြေခံအုတ်မြစ်ကိုပါ ထိခိုက်စေနိုင်သည်။ ဤတွေ့ရှိချက်များသည် စစ်အာဏာသိမ်းခဲ့ သည့် စစ်တပ်၏ချိုးဖောက်မှုများနှင့် ပမာဏနှင့် စနစ်တကျကျူးလွန်မှုအရ တန်းတူညီမျှသည်ဟု မဆိုလိုပါ။ သို့သော် တော်လှန်ရေး အင်အားစုများသည် ၎င်းတို့ ကာကွယ်လိုသော တန်ဖိုးများနှင့် ကိုက်ညီစွာလုပ်ဆောင်ရန် တာဝန်ရှိ ကြောင်း ဤသုတေသနက ပြသလိုခြင်းဖြစ်သည်။

အဓိက အကြံပြုချက်များ

တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ဒေသအုပ်ချုပ်ရေးဝန်ထမ်းများအတွက် လူ့ရပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းကို မဖြစ်မနေ ထည့်သွင်းသင်ကြားရန်။

ဒေသခံများအနေဖြင့် လျှို့ဝှက်လုံခြုံစွာ တိုင်ကြားနိုင်မည့်ယန္တရားများ ထူထောင်ရန်နှင့် ကျူးလွန်သူ မည်သူပင်ဖြစ်စေ ဥပဒေအတိုင်း အရေးယူရန်။

ဒေသအုပ်ချုပ်ရေးကို ပြည်သူ့ထံ အာဏာပြန်အပ်နိုင်သည့် စနစ်ကျသောမူဝါဒများနှင့် ရွေးကောက် တင်မြှောက်သည့် ယန္တရားများချမှတ်ရန်။

အင်တာနက်ရယူသုံးစွဲခွင့်နှင့် သယံဇာတဆိုင်ရာ ဆုံးဖြတ်ချက်များကို ဒေသခံကိုယ်စားလှယ်များ ပါဝင်သည့် သုံးပွင့်ဆိုင်ကော်မတီမှတဆင့် ချမှတ်ရန်။

သတင်းမီဒီယာကို စောင့်ကြည့်သူများအဖြစ် အသိအမှတ်ပြုပြီး သတင်းရယူခွင့်ဆိုင်ရာ ကန့်သတ်ချက် များကို ဖြေလျှော့ရန်။

သယံဇာတ ဝင်ငွေနှင့် သုံးငွေကို ပုံမှန် ထုတ်ပြန်ရန်နှင့် ပွင့်လင်းမြင်သာမှု တောင်းဆိုသူများကို ဥပဒေ အရ အကာအကွယ်ပေးရန်။

အခန်း (၁)
နောက်ခံအကြောင်းအရာနှင့် နိဒါန်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲပေါ်ပေါက်လာသော မြန်မာစစ်တပ်၏ အကြမ်းဖက် ဖိနှိပ်မှုများကို တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးအင်အားစုများ ပူးပေါင်းကာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ ထိုတော်လှန်မှုများ နယ်မြေစိုးမိုးမှုများ ရရှိလာခဲ့ပြီးနောက် မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးတွင် ပုံစံကွဲပြားသည့် ပြည်သူ့အုပ်ချုပ်ရေး ယန္တရားများကို အကောင်အထည်ဖော် တည်ထောင်လာနိုင်ခဲ့ကြသည်။ အဆိုပါ အုပ်ချုပ်ရေးယန္တရားများသည် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုတို့ကို ခုခံတော်လှန်နေရသည့်အပြင် တချိန်တည်းတွင် မိမိတို့နယ်မြေအတွင်း ဥပဒေစိုးမိုးရေး၊ အများပြည်သူဝန်ဆောင်မှု၊ စီးပွားရေး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားတာဝန်များကိုပါ ဆောင်ရွက်ရသည်။ ဤသုတေသနသည် အဆိုပါ အုပ်ချုပ်ရေး ကွင်းဆက်များအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်၏ နေရာနှင့် နယ်နိမိတ်တို့ကိုနားလည်ရန် ဦးစွာ ကြိုးပမ်းထားသည်။

မြန်မာစစ်တပ်၏ အလုံးစုံသော ဖိနှိပ်မှုများကို ခုခံနေကြသည့် လက်နက်ကိုင် တော်လှန်ရေးကာလအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် မရှိမဖြစ်အခွင့်အရေးတခု ဖြစ်သကဲ့သို့ အချိန်မရွေးအလွယ်တကူ ဖယ်ကျဉ်ခံရသည့် အခွင့်အရေးတရပ်လည်း ဖြစ်သည်။ တော်လှန်ရေး သို့မဟုတ် စည်းလုံးညီညွတ်ရေးခေါင်းစဉ်ကို အကြောင်းပြပြီး ဝေဖန်ထောက်ပြသူများကို အချို့သော တော်လှန်ရေးခေါင်းဆောင်များက ဖိနှိပ်ခဲ့သည့် သာဓကများလည်း ရှိခဲ့သည်။ ထို့ကြောင့် တာဝန်ခံမှုကို တောင်းဆိုသူများ၊ ချိုးဖောက်မှုများကို မှတ်တမ်းတင်သောသူများ၊ အုပ်ချုပ်သူများ၏ လုပ်ပိုင်ခွင့်အတိုင်းအတာကို မေးခွန်းထုတ်သူများနှင့် အခြားအခြားသော ဝေဖန်သူ၊ မှတ်တမ်းတင်သူများနှင့် ၎င်းတို့၏အသံကို ရှင်သန်ရပ်တည်ခွင့်ပေးသော ယန္တရားများ၊ လုပ်ပိုင်ခွင့်များ ရှိမရှိ ဆန်းစစ်ခြင်းသည် ဤသုတေသနမှ ဖော်ဆောင်ထားသော အဓိက ပုံရိပ်တခု ဖြစ်သည်။

၁.၁။ ရည်ရွယ်ချက်နှင့် သုတေသနမေးခွန်းများ

ဤသုတေသနသည် အောက်ပါမေးခွန်းများကို ဖြေဆိုရန် ကြိုးပမ်းသည်။

၁ လက်ရှိနိုင်ငံရေး အကျပ်အတည်းကာလအတွင်း တော်လှန်ရေးအစိုးရများနှင့် တော်လှန်ရေးအင်အားစုများသည် ၎င်းတို့အပေါ် ဝေဖန်ထောက်ပြမှုများနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မည်သို့ရှိသနည်း။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်တားဆီးရန်အတွက် မည်သို့သော တရားဝင်နှင့် တရားမဝင် ဖိနှိပ်မှုပုံစံများကို အသုံးပြုနေကြသနည်း။

၂ ထိုကန့်သတ်မှုများကို မည်သည့် အကြောင်းပြချက်များဖြင့် တရားဝင်စေသနည်း၊ ယင်းအကြောင်းပြချက်များသည် လိုအပ်ချက်နှင့် အချိုးညီမျှမှု စံနှုန်းများနှင့် ကိုက်ညီသလား။

၁.၂။ နယ်ပယ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤသုတေသနသည် စစ်ကောင်စီ၏ ချိုးဖောက်မှုများကို မလေ့လာဘဲ တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များနှင့် ဒေသအာဏာပိုင်များ၏ လုပ်ရပ်များကိုသာ အဓိက လေ့လာသည်။ စစ်ကောင်စီ၏ ချိုးဖောက်မှုများသည် ပမာဏနှင့် စနစ်တကျကျူးလွန်မှုအရ ပိုမိုကြီးမားကြောင်း ဤအစီရင်ခံစာက ငြင်းဆိုခြင်းမရှိပါ။ တော်လှန်ရေးအင်အားစုများကို တာဝန်ခံမှုအတွက် လေ့လာခြင်းသည် စစ်ကောင်စီနှင့် အလားတူသည်ဟု နှိုင်းယှဉ်ခြင်းမဟုတ်ဘဲ၊ ၎င်းတို့ ကာကွယ်လိုသော တန်ဖိုးများနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း ဖြစ်သည်။

ဤစာတမ်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိုသည်မှာ ထင်မြင်ယူဆချက်ကို ဝေဖန်ထုတ်ဖော်ခွင့်၊ သတင်းအချက်အလက် ရှာဖွေ၊ လက်ခံ၊ ဖြန့်ဝေခွင့်၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ဒစ်ဂျစ်တယ်နယ်ပယ်တွင် ဆက်သွယ်ခွင့်တို့ကို ဆိုလိုသည်။ အခြားဝေါဟာရများကို ဝေါဟာရရှင်းလင်းချက်တွင် ကြည့်ပါ။

အခန်း (၂)

သုတေသန နည်းနာ

ဤသုတေသနသည် စိုးမိုးနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အခြေအနေနှင့် အာဏာပိုင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို နက်နက်ရှိုင်းရှိုင်း လေ့လာနိုင်ရန် အရည်အသွေးဦးစားပေး သုတေသန (Qualitative Research) နည်းလမ်းကို အသုံးပြုထားသည်။ တော်လှန်ရေးအင်အားစုများသည် ဒေသ၊ အဖွဲ့အစည်းအလိုက် ရပ်တည်ချက်နှင့် မူဝါဒများ ကွဲပြားနေသောကြောင့် ဖြစ်ရပ်တခုချင်းစီမှ ပေါ်ထွက်လာသော ပုံစံများကိုရှာဖွေရန် ဤနည်းလမ်းက အသင့်တော်ဆုံး ဖြစ်သည်။

၂.၁။ အချက်အလက်ကောက်ယူခြင်းနှင့် ရွေးချယ်မှု

အချက်အလက်များကို နည်းလမ်းနှစ်ခုဖြင့် ကောက်ယူခဲ့သည်။ ပထမတခုမှာ ပါဝင်ဖြေဆိုသူ (ကျား-၃) ဦးနှင့် (မ-၃) ဦးကို Zoom နှင့် Signal ကဲ့သို့ End-to-End Encrypted ပလက်ဖောင်းများမှတဆင့် အင်တာဗျူးခြင်းဖြစ်သည်။ ဒုတိယတခုမှာ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၊ ဒေသအုပ်ချုပ်ရေး အမိန့်များ၊ သတင်းဖော်ပြချက်များနှင့် အစီရင်ခံစာများကို ပြန်လည်လေ့လာခြင်း ဖြစ်သည်။

ပါဝင်ဖြေဆိုသူများကို ဦးတည်ရွေးချယ်ခြင်း (Purposive Sampling) နည်းဖြင့် ရွေးချယ်ခဲ့သည်။ လုံခြုံရေးအရ ချိတ်ဆက်ရခက်သူများကိုမူ ဆင့်ပွားညွှန်းဆိုရွေးချယ်ခြင်း (Snowball Sampling) နည်းဖြင့် ဖြည့်စွက်ရွေးချယ်ခဲ့သည်။ ပါဝင်သူများကို အုပ်စု (၃) စု ခွဲထားသည်။

သတင်းမီဒီယာသမားများသည် သတင်းလွတ်လပ်ခွင့်နှင့် သတင်းရယူရာတွင် ကြုံတွေ့ရသော အဟန့်အတားများကို တိုက်ရိုက် ခံစားနေရသူများ ဖြစ်သည်။

တက်ကြွလှုပ်ရှားသူများသည် အုပ်ချုပ်ရေးယန္တရားများ၏ ဖိနှိပ်မှုပုံစံများနှင့် ဘေးကင်းလုံခြုံမှု အခြေအနေကို သိရှိနားလည်သူများ ဖြစ်သည်။

လူထုခေါင်းဆောင်များသည် အုပ်ချုပ်ရေးအပေါ် ဒေသခံလူထု၏ အတွေ့အကြုံနှင့်ခံစားချက်ကို ကိုယ်စားပြုနိုင်သူများ ဖြစ်သည်။

၂.၂။ သုတေသန မူဘောင်နှင့် ခွဲခြမ်းစိတ်ဖြာပုံ

ဤသုတေသနသည် တာဝန်ယူမှု (Responsibility)၊ တာဝန်ခံမှု (Accountability) နှင့် ပွင့်လင်းမြင်သာမှု (Transparency) ကို အဓိက မူဘောင်အဖြစ် အသုံးပြုထားသည်။ တာဝန်ယူမှုဆိုသည်မှာ မိမိ၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်များအတွက် တာဝန်ရှိကြောင်း အသိအမှတ်ပြုခြင်း ဖြစ်သည်။ တာဝန်ခံမှုဆိုသည်မှာ ထိုလုပ်ဆောင်ချက်များ၏အကျိုးဆက်ကို လက်တွေ့တာဝန်ယူ ဖြေရှင်းခြင်း ဖြစ်သည်။ တော်လှန်ရေးအာဏာပိုင်များက စကားလုံးအဆင့်တွင် တာဝန်ယူမှုကို ပြသနိုင်သော်လည်း လက်တွေ့တာဝန်ခံမှုအဖြစ် မကူးပြောင်းနိုင်ခြင်းသည် ဤသုတေသန၏ အဓိကတွေ့ရှိချက် ဖြစ်သည်။

အင်တာဗျူး အချက်အလက်များကို ကုဒ်ပေးခြင်း (Coding) ဖြင့် အောက်ပါ ကဏ္ဍ (၅) ရပ်အလိုက် ခွဲခြမ်းစိတ်ဖြာထားသည်။ (၁) ဖိနှိပ်မှုပုံစံများ၊ (၂) အကြောင်းပြချက်များ၊ (၃) အုပ်ချုပ်ရေးနှင့်တာဝန်ခံမှု၊ (၄) သယံဇာတ စီမံခန့်ခွဲမှု၊ (၅) ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်တို့ ဖြစ်သည်။

တွေ့ရှိချက်များခိုင်မာစေရန် Data Triangulation နည်းကို အသုံးပြုခဲ့သည်။ အုပ်စု (၃) စုလုံးမှ ကိုက်ညီသော အချက်အလက်များကိုသာ အတည်ပြုတွေ့ရှိချက် (Corroborated Finding) အဖြစ် သတ်မှတ်ထားသည်။

၂.၃။ ဖြစ်စဉ်လေ့လာချက်များ ရွေးချယ်ပုံ

ဖြစ်စဉ် (၄) ခုကို ရွေးချယ်လေ့လာခဲ့သည်။ ယင်းတို့မှာ သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ တရားမျှတမှု၊ မြေပြင်အုပ်ချုပ်ရေးနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှု၊ ဒစ်ဂျစ်တယ်ကန့်သတ်ချက်များ၊ သတင်းမီဒီယာ ဖိနှိပ်မှုတို့နှင့်

သက်ဆိုင်သည်။ ချိုးဖောက်မှုများသည် နယ်ပယ်တခုတည်းတွင်သာ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ ကဏ္ဍအသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေကြောင်းပြသရန် ဤဖြစ်စဉ်များကို ရွေးချယ်ခြင်း ဖြစ်သည်။

၂.၄။ ကျင့်ဝတ်ဆိုင်ရာ စောင့်ထိန်းမှုများ

ပဋိပက္ခဖြစ်ပွားနေဆဲ ဒေသများဖြစ်သောကြောင့် "Do No Harm" မူကို တင်းကျပ်စွာ လိုက်နာခဲ့သည်။ ပါဝင်သူအားလုံးထံမှ အင်တာဗျူးမစမီ လွတ်လပ်စွာ သဘောတူညီချက် (Informed Consent) ရယူခဲ့သည်။ ၎င်းတို့၏ လုံခြုံရေးအတွက် အမည်လွှဲများကို အသုံးပြုထားသည်။ ပါဝင်သူများသည် မည်သည့်အချိန်တွင်မဆို သဘောတူညီချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။

၂.၅။ ကန့်သတ်ချက်များ

ဤသုတေသနတွင် ကန့်သတ်ချက် (၃) ခု ရှိသည်။

- နမူနာရွေးချယ်ပုံ။ ကျပန်းနည်းဖြင့် ရွေးချယ်ခြင်း မဟုတ်သောကြောင့် တွေ့ရှိချက်များကို တော်လှန်ရေးနယ်မြေ အားလုံးအတွက် ယေဘုယျ ကောက်ချက်ချ၍ မရပါ။
- အွန်လိုင်းအင်တာဗျူးသာ ပြုလုပ်နိုင်ခြင်း။ လုံခြုံရေးကြောင့် အင်တာဗျူးများကို အွန်လိုင်းမှသာ ပြုလုပ်နိုင်ခဲ့သည်။ ထို့ကြောင့် အင်တာနက်ချိတ်ဆက်ရခက်သော ဒေသများမှအသံများ လိုအပ်နေနိုင်သည် (Sample Bias)။
- ဒေသသို့ရောက်ရှိနိုင်မှု။ ဆက်သွယ်ရေး ပြတ်တောက်မှုများ၊ စစ်ရေးအခြေအနေနှင့် ဒေသအာဏာပိုင်များ၏ ကန့်သတ်ချက်များကြောင့် ချိတ်ဆက်ရာတွင် အခက်အခဲ ရှိခဲ့သည်။

သို့သော် ဤသုတေသန၏ ရည်ရွယ်ချက်သည် တနိုင်ငံလုံးကို ယေဘုယျ ကောက်ချက်ချရန် မဟုတ်ပါ။ စိုးမိုးနယ်မြေများအတွင်း ဖြစ်ပေါ်နေသော ချိုးဖောက်မှုပုံစံများကို စနစ်တကျဖော်ထုတ်ရန် ဖြစ်သောကြောင့် ဤ ကန့်သတ်ချက်များက တွေ့ရှိချက်များ၏ တန်ဖိုးကို မလျှော့ချပါ။

အခန်း (၃)

ဖြစ်စဉ်လေ့လာချက်များနှင့် တွေ့ရှိချက်များ

ဖြစ်စဉ်များရွေးချယ်မှုနှင့် နောက်ခံအကြောင်းအရင်း

၃.၁။ ဖြစ်စဉ်များ ရွေးချယ်မှု၊ နောက်ခံနှင့် ဖတ်ရှုပုံ

ဤသုတေသနတွင် တော်လှန်ရေးအစုအဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ၎င်းတို့အပေါ် ဝေဖန်ထောက်ပြမှုများကို မည်သို့တုံ့ပြန်နေကြသည်ကို တိကျခိုင်မာစွာ ဆန်းစစ်နိုင်ရန် အဓိက အကြောင်းအရာ (၄) ခုကို ကိုယ်စားပြုသည့် ဖြစ်စဉ်လေ့လာချက် (၄) ခုကို ရွေးချယ်ထားသည်။ ဖြစ်စဉ်တခုချင်းစီသည် သီးခြားဖြစ်ရပ်တခု သက်သက်မဟုတ်ဘဲ လက်ရှိ တော်လှန်ရေးနယ်မြေများအတွင်း ဖြစ်ပေါ်နေသော ဖွဲ့စည်းပုံဆိုင်ရာ ဖိနှိပ်မှုများ၊ သတင်းအချက်အလက်စီးဆင်းမှု ကန့်သတ်ခံရပုံများနှင့် တာဝန်ခံမှု ပျက်ယွင်းနေသည့် အခင်းအကျင်းများကို မတူညီသောရှုထောင့်များမှ ထင်ဟပ်ဖော်ပြသည်။

ဤအခန်းတွင် ဖြစ်စဉ်တခုချင်းစီကို ဖော်ပြပြီးနောက် ထိုဖြစ်စဉ်နှင့် ဆက်စပ်သော လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြထားသည်။ ဖြစ်စဉ်များလေ့လာပြီး ပေါ်ထွက်လာသော တွေ့ရှိချက်များ (အကြောင်းပြချက်များနှင့် စံနှုန်းဆန်းစစ်ချက်) ကို အခန်း (၄) တွင် ပေါင်းစပ်တင်ပြသည်။

ဖြစ်စဉ် (၁) ၂၀၂၄
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ကချင် – ချီဖွေ၊ ဖရဲရွာ

ဖြစ်စဉ် (၂) ၂၀၂၅
ကျား – မ အခြေပြု အကြမ်းဖက်မှု
စစ်ကိုင်း ယင်းမာပင်ခရိုင်

ဖြစ်စဉ် (၃) ၂၀၂၅
ဒစ်ဂျစ်တယ် လွတ်လပ်ခွင့်
မန္တလေး – စဉ့်ကူးမြို့နယ်

ဖြစ်စဉ် (၄) ၂၀၂၅
သတင်းမီဒီယာ ဖိနှိပ်မှု
မတ္တရာ၊ မောင်းတော၊ ဖားကန့်

စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ရန် ကြိုးစားအားထုတ်နေသည့် (၅) နှစ်ကျော်ကာလအတွင်း တော်လှန်ရေး အင်အားစုများနှင့် ပြည်သူလူထုကြား ထားရှိရမည့် လူမှုပဋိညာဉ်သည် ဒေသန္တရအုပ်ချုပ်ရေးနှင့် တာဝန်ခံမှုယန္တရားကြားတွင် အကျပ်အတည်းများစွာနှင့် ရင်ဆိုင်နေကြရသည်။ ဒေသအများစုတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ရေးအရ အသာစီးရရေးနှင့် နယ်မြေစိုးမိုးရေးကို ဦးစားပေး လုပ်ဆောင်နေရသည်။

ဤသုတေသနတွင် ပါဝင်သူများက ကာလကြာလာသည်နှင့်အမျှ စိုးမိုးနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုမိုကျဉ်းမြောင်းလာသည်ဟု ခံစားရကြောင်း ဖော်ပြကြသော်လည်း ကာလအလိုက် နှိုင်းယှဉ်နိုင်သည့် အချက်အလက်ကို ဤသုတေသနက မစုဆောင်းထားပါ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မည်သည့်အတိုင်းအတာအထိ ခွင့်ပြုမည်ဟူသော စံနှုန်းမှာ အဖွဲ့အလိုက်ကွဲပြားပြီး ဒေသန္တရအာဏာပိုင်များက ကိုယ်ပိုင် ဆုံးဖြတ် ကန့်သတ်နေသည်ကို ဖြစ်စဉ်များတွင် တွေ့ရသည်။

၃.၂။ ဖြစ်စဉ် (၁) သဘာဝပတ်ဝန်းကျင် တရားမျှတမှုနှင့် သယံဇာတစီမံခန့်ခွဲမှု

နေရာ
ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ဖရဲရွာ

ကာလ
၂၀၂၄၊ ဖေဖော်ဝါရီ

ပါဝင်သူ
KIO/KIA၊ ဒေသခံများ

ကဏ္ဍ
သယံဇာတ၊ သဘာဝပတ်ဝန်းကျင်

၄၄ ဦး	၂ ဦး	၁,၀၀၀+
ဖမ်းဆီးခံရ	ဒဏ်ရာရ	ဒဏ်ရာရ

သယံဇာတပေါကြွယ်ဝသော နယ်မြေများတွင် တော်လှန်ရေးရန်ပုံငွေ ရှာဖွေမှုနှင့် ဒေသခံလူထု၏ ရှင်သန်ရပ်တည်ရေး အခွင့်အရေးတို့အကြား ပဋိပက္ခများကို လေ့လာရန်အတွက် ဤဖြစ်စဉ်ကို ရွေးချယ်ထားခြင်း ဖြစ်သည်။ ကချင်ပြည်နယ် ချီဖွေမြို့နယ် ဖရဲရွာရှိ မြေရှားသတ္တုတူးဖော်မှုအပေါ် ကန့်ကွက်သည့်ဒေသခံများကို ကချင် လွတ်မြောက်ရေးတပ်မတော် (KIA) က အင်အားသုံး ဖြိုခွဲဖမ်းဆီးခဲ့သည့် ဖြစ်စဉ်[1] တွင် သယံဇာတစီးပွားရေး အကျိုးအမြတ်သည် လူထု၏ ထုတ်ဖော်ပြောဆိုခွင့်အပေါ် မည်သို့ နှုတ်ပိတ်ဖိနှိပ်မှု ဖြစ်စေသည်ကို ဖော်ထုတ်ထားသည်။

[1] https://www.rfa.org/burmese/news/rare-earth-kachin-02142024030917.html

ဖရဲရွာတွင် လူဦးရေ ၁,၀၀၀ ကျော် နေထိုင်လျက်ရှိပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစ၍ မြေရှားသတ္တု တူးဖော်ရေးလုပ်ငန်းများ စတင်ဝင်ရောက်လာခဲ့သည်။[2] ထိုလုပ်ကွက်များသည် ဒေသခံများ မှီခိုသောက်သုံးနေရသည့် တောင်ပေါ် ရေအရင်းအမြစ်များအနီးတွင် တည်ရှိနေသဖြင့် သောက်သုံးရေ ညစ်ညမ်းပျက်စီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ဒေသခံများက ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA) ထံ စာဖြင့် အကြိမ်ကြိမ် တင်ပြတားမြစ်ခဲ့ပြီး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းများ ပြုလုပ်ခဲ့သော်လည်း တုံ့ပြန်မှုမရရှိခဲ့ဟု ဖော်ပြသည်။[3]

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဒေသခံတချို့က မြေရှားသတ္တုလုပ်ကွက်များရှိ တရုတ်လုပ်ငန်းရှင်များကို ရေအရင်းအမြစ်များအနီး တူးဖော်မှုများ မပြုလုပ်ရန် သွားရောက်တောင်းဆိုစဉ် KIA တပ်ဖွဲ့ဝင်များက လက်ပစ်ဗုံးသို့မဟုတ် မိုင်းကဲ့သို့လက်နက်ဖြင့် ပစ်ခတ်၍ လူစုခွဲခဲ့သဖြင့် ဒေသခံ (၂) ဦး ဒဏ်ရာရရှိကာ ဦးဆောင်သူများကိုလည်း ဖမ်းဆီးခဲ့သည်ဟု ဖော်ပြသည်။[4] နောက်ရက်များတွင် ဖမ်းဆီးခံထားရသူများကို လွှတ်ပေးရန် သွားရောက်တောင်းဆိုသည့် ဒေသခံများ၊ ကျောင်းဆရာများနှင့် ဘာသာရေးခေါင်းဆောင်များ အပါအဝင် ဒေသခံ အမျိုးသား (၄၄) ဦးကို KIA က ပိတ်ဆို့ ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု ဆိုသည်။

> “
>
> သယံဇာတဖြင့် ရန်ပုံငွေအကျိုးအမြတ်ကြီးမားသည့် နယ်မြေများတွင် ဒေသခံများ၏ သဘာဝပတ်ဝန်းကျင် တရားမျှတမှုတောင်းဆိုခြင်းနှင့် အခွန်ကောက်ခံမှုကို မေးခွန်းထုတ်ခြင်းတို့ကို နှောင့်ယှက်မှုအဖြစ်ရှုမြင်ကာ အင်အားသုံးတုံ့ပြန်ခဲ့သည်ဟု ဒေသခံများနှင့် မီဒီယာများ၏ ဖော်ပြချက်များက ညွှန်ပြနေသည်။

အာဏာပိုင်များ၏ တုံ့ပြန်မှုနှင့်တာဝန်ခံမှုကို လေ့လာရာတွင် KIO/KIA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး နော်ဘူက ၎င်းထံ ဆက်သွယ်မေးမြန်းခဲ့သည့် မီဒီယာများကို “ဒီအခြေအနေအပေါ် သတင်းမရသေးပါ” ဟု တုံ့ပြန်ခဲ့သည်။[5] ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ဖမ်းဆီးထားသူထဲမှ တချို့ကို ခံဝန်ဖြင့်ပြန်လွှတ်ကြောင်း သတင်းများက ဖော်ပြထားသည်။[6]

---

2 https://www.rfa.org/burmese/news/kio-rare-earth-06142023064627.html

3 https://burmese.kachinnews.com/2023/10/24/ld1-76/

4 https://www.rfa.org/burmese/news/rare-earth-kachin-02142024030917.html

5 https://www.rfa.org/burmese/news/rare-earth-kachin-02142024030917.html

6 https://burmese.kachinnews.com/2024/02/19/ld1-119/

အလားတူ သဘာဝသယံဇာတထုတ်ယူမှုနှင့် အခွန်ကောက်ခံမှု ပြဿနာများကို အမျိုးသားညီညွတ်ရေးအစိုးရ စိုးမိုးသည့် ရေနံမှော်များတည်ရှိရာ မကွေးတိုင်းဒေသကြီးတွင်လည်း ဖော်ပြကြသည်။ ဒေသကာကွယ်ရေးအဖွဲ့များ၊ ပအဖ၊ ပကဖအဖွဲ့စုံက ဂိတ်ပေါင်းစုံဖွင့်ကာ ရေနံစိမ်း၊ ဆီအချောနှင့် ထင်းကားများအပေါ် အခွန်ခေါင်းစဉ်အမျိုးမျိုး တပ်၍ သေနတ်ပြ ငွေကောက်ခံခဲ့သည့် ဖြစ်ရပ်များရှိခဲ့သည်။[7]

ဤဖြစ်ရပ်များအရ သယံဇာတဖြင့် ရန်ပုံငွေအကျိုးအမြတ် ကြီးမားသည့် နယ်မြေများတွင် ဒေသခံများ၏ သဘာဝပတ်ဝန်းကျင် တရားမျှတမှု တောင်းဆိုခြင်းနှင့် အခွန်ကောက်ခံမှုကို မေးခွန်းထုတ်ခြင်းတို့ကို နှောင့်ယှက်မှု အဖြစ် ရှုမြင်ကာ အင်အားသုံးတုံ့ပြန်ခဲ့သည်ဟု ဒေသခံများနှင့် မီဒီယာများ၏ ဖော်ပြချက်များက ညွှန်ပြနေသည်။

လေ့လာတွေ့ရှိချက်– သယံဇာတစီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှု

ကချင်ပြည်နယ် ဖရဲရွာဖြစ်စဉ်လေ့လာမှုအရ သယံဇာတ စီမံခန့်ခွဲမှုပိုင်းတွင်လည်း တော်လှန်ရေးနယ်မြေများ အတွင်း ကြီးမားသော အကျိုးစီးပွား ပွတ်တိုက်မှုများနှင့် မညီမျှမှုများ ရှိနေသည်ကို တွေ့နိုင်သည်။ တော်လှန်ရေး လက်နက်ကိုင် တပ်ဖွဲ့များအနေဖြင့် ငွေကြေး၊ ရိက္ခာနှင့် လက်နက်ခဲယမ်း လိုအပ်ချက်သည် တခါတရံတွင် ဒေသခံ ပြည်သူများ၏ ထုတ်ဖော်ပြောဆိုသံများနှင့် အခြေခံလူ့ရပိုင်ခွင့်များကို လွှမ်းမိုးသွားလေ့ရှိသည်ဟု သုတေသန အင်တာဗျူးတွင် ပါဝင်ခဲ့သူ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရေး လေ့လာနေသူက သုံးသပ်သည်။ တော်လှန်ရေး လက်နက်ကိုင် အင်အားစုများသည် စစ်ရေး၊ လုံခြုံရေးနှင့် ဆက်စပ်သည့် ကဏ္ဍများ၌ ကောင်းမွန်စွာလည်ပတ်နိုင်ရန် နှင့် ရေရှည်ရပ်တည်နိုင်ရန်အတွက် သဘာဝသယံဇာတများ ထွက်ရှိရာ နယ်မြေများ၌ တူးဖော်ရေးလုပ်ငန်းများအပြင် အခွန်ငွေ ကောက်ခံခြင်းများကိုလည်း တိုးချဲ့လုပ်ဆောင်လုပ်ကြသည်ဟု ၎င်းကဆိုသည်။[8] အစောပိုင်း တော်လှန်ရေး ကာလတွင် ပြည်သူများ လက်ဝတ်လက်စား၊ လယ်ယာမြေ ရောင်းချလှူဒါန်းခြင်းဖြင့် ရန်ပုံငွေ ဖြည့်ဆည်းခဲ့သော်လည်း ထိုနည်းလမ်းမှာ ရေတိုသာအဆင်ပြေနိုင်ကြောင်း ၎င်းက ဆိုသည်။

ဒေသခံပြည်သူများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ထက် တော်လှန်ရေး လက်နက်ကိုင် တပ်ဖွဲ့များ၏ ဘဏ္ဍာရေးလိုအပ်ချက်သည် ဦးစားပေးဖြစ်လာသည့် အခြေအနေများတွင် သယံဇာတ ထုတ်ယူမှုကို မေးခွန်းထုတ်၍ ဆန္ဒပြသည့်အခါ ဆန္ဒပြမှုကို ဦးဆောင်သူများကို ဖိနှိပ်သည့် ဖြစ်ရပ်များရှိကြောင်း၊ သစ်တတုံးနှစ် တုံးတင်လျှင် ပြည်သူထောင်ကျနိုင်သော်လည်း အာဏာပိုင်နှင့် ဆက်နွှယ်သူများ ကားဖြင့်ထုတ်လျှင် ကင်းလွတ်ခွင့်ရ

[7] https://burma.irrawaddy.com/article/2025/02/22/397718.html

[8] အင်တာဗျူးတွင်ပါဝင်ဖြေဆိုသူ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရေး လေ့လာသုံးသပ်သူ

ကြောင်း၊ အဖမ်းခံရမည်ကို စိုးရိမ်၍ သိလျက် ငြိမ်ခံနေသူများ တိုးလာကြောင်း အင်တာဗျူးတွင်ပါဝင်ခဲ့သည့် နယ်မြေခံ တက်ကြွလှုပ်ရှားသူက ဖော်ပြသည်။[9]

> ၎င်းက *"သိလျက်နဲ့ မမြင်ချင်ယောင်ဆောင်လိုက်တဲ့ အနေအထားမျိုးတွေ မတရားဖိနှိပ်ခံရမှန်း သိလျက်သားနဲ့ ငြိမ်ခံနေတဲ့အနေအထားမျိုးနဲ့ လက်ရှိအခင်းအကျင်းမှာ ပိုပိုပြီးတော့ များလာတယ်လို့ မြင်ပါတယ်"* ဟု ဆိုသည်။

အင်တာဗျူးတွင်ပါဝင်ခဲ့သည့် ဒေသတွင်းသတင်းသမားတဦးကမူ ကျောက်မျက်တူးဖော်ရာ နယ်မြေ ကျေးရွာ ရွှေ့ပြောင်းရေးအတွက် ဈေးနှုန်းသတ်မှတ်ပုံကို သတင်းရေးပြီးနောက် နောက်မှ ကားဖြင့်တိုက်ခံရပြီး ပွန်းပဲ့ဒဏ်ရာ ရခဲ့ကြောင်း (တိုက်ခိုက်သူကို ရည်ညွှန်းမဖော်ပြ)၊ ကျောက်ဖြတ်တောက်မှုအပေါ် Facebook တွင်ရေးသည့် ဒေသခံ လူငယ်တဦးကို (၂) ရက် ဖမ်းဆီး ရိုက်နှက်ပြီး ပို့စ်ကို ဖျက်စေခဲ့ကြောင်း ပြောကြားသည်။[10]

> *"ဒီဒေသမှာ သယံဇာတတူးဖော်ရေးနဲ့ ပတ်သက်ပြီးတော့ တချို့သွားရှုပ်လို့ မရတဲ့ဟာတွေ ရှိတယ်။ နောက်တခုက အုပ်ချုပ်ရေးပိုင်းနဲ့ ပတ်သက်ပြီးတော့ အောက်ခြေတိုက်နယ်လောက်တော့ တော်ရုံ တန်ရုံဝေဖန်လို့ရပေမဲ့ နဲနဲလေး ကြီးမားသွားတဲ့ဟာမျိုးဆိုရင် လုံးဝကိုအထိမခံတဲ့ အပိုင်းတွေ ရှိတယ်။ လုံးဝကို မရဘူး။ "အေးဆေးနေပေါ့။ နောက်နေ့ မျက်နှာမသစ်ချင်ဘူးလား။" ဒီလိုပဲ ကျွန်တော်တို့ လည်း ခဏခဏ ခြိမ်းခြောက်ခံရပါတယ်။ ကျွန်တော်တို့ ခုဆိုရင်လည်း "နောက်တခါ အချုပ်ထဲကို ပြန် လွမ်းနေပြီလား ပြောတာတွေရှိတယ်။ မင်းအသက်ရှင်ရတာ ပင်ပန်းနေပြီနဲ့တူတယ်" စသဖြင့် လာ ပြောတာတွေ ရှိတယ်။"* [11]

တွင်းထွက်သယံဇာတများ ကြွယ်ဝသော ဒေသများတွင် ကြွယ်ဝမှုကြောင့်ပင် ပဋိပက္ခနှင့် အုပ်ချုပ်ရေးကဏ္ဍ များ၌ အကျင့်ပျက်ခြစားခြင်းနှင့် အာဏာအလွဲသုံးစား ပြုခြင်းများကို ပို၍တွေ့ရှိရသည်။ သယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ ကိစ္စရပ်များသည် တော်လှန်ရေးလက်နက်ကိုင် အင်အားစုများအတွက် အရေးပါသော အခန်းကဏ္ဍတရပ် ဖြစ် သော်လည်း တာဝန်ရှိသူများ၏ ပွင့်လင်းမြင်သာမှုကင်းမဲ့ခြင်း၊ ပြည်သူလူထု၏အသံကို လျစ်လျူရှုခြင်း၊ ခြိမ်းခြောက် ခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းခြင်းတို့သည် ဒေသခံပြည်သူများနှင့် အုပ်ချုပ်သူ အာဏာပိုင်များကြား ယုံကြည်မှုကို ပြိုလဲစေနိုင်သည်။

---

9 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံတက်ကြွလှုပ်ရှားသူ
10 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်
11 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်

၃.၃။ ဖြစ်စဉ် (၂) မြေပြင်အုပ်ချုပ်ရေး၊ လူ့ရပိုင်ခွင့်နှင့် ကျား–မ အခြေပြု အကြမ်းဖက်မှု

နေရာ
စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်

ကာလ
၂၀၂၅၊ ဒီဇင်ဘာမှစ၍

ပါဝင်သူ
NUG MOD၊ လက်အောက်ခံ တပ်ရင်း

ကဏ္ဍ
ကျား – မ အခြေပြု အကြမ်းဖက်မှု

၃ လ
ထိရောက်သော အရေးယူမှု မရှိ

၁၆၅ ဖွဲ့
ပူးတွဲဖိအားပေးသော အဖွဲ့များ

လက်နက်ကိုင် အာဏာအလွဲသုံးစားမှု၊ ကျား–မ အခြေပြု အကြမ်းဖက်မှုနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ပြဿနာများသည်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း တော်လှန်ရေးတပ်ဖွဲ့များက မြေပြင်စိုးမိုးမှုများ ရရှိလာချိန်တွင် တွေ့မြင်လာရသည့် ပြဿနာတရပ် ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ကာကွယ်ရေးဝန်ကြီးဌာန (MOD) လက်အောက်ခံ ယင်းမာပင်ခရိုင်ရှိ တပ်ရင်းတခုတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီး PDF ရဲမေတဦးသည် တပ်တွင်းလိုအပ်ချက်အရ အလှူခံရာမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။[12] ထိန်းသိမ်းခံထားစဉ် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို ကြုံတွေ့ခဲ့ရသည်ဟု သတင်းဖော်ပြချက်များက ဆိုသည်။ ဤအစီရင်ခံစာသည် ရဲမေ၏ ကာကွယ်စောင့်ရှောက်မှုနှင့် ကျင့်ဝတ်အရ ညှဉ်းပန်းမှု၏ အသေးစိတ်နှင့် ပြန်လည်ဖော်ထုတ်နိုင်သည့် အချက်အလက်များကို ချန်လှပ်ထားသည်။

ရဲမေနှင့် မိသားစုဝင်များသည် ဖြစ်စဉ်အစတွင် နီးစပ်ရာတပ်ဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များထံ အကူအညီတောင်းခံခဲ့သော်လည်း စွပ်စွဲခံရသည့် တပ်ရင်းမှူး၏အာဏာစက်နှင့် လက်တုံ့ပြန်မည့်အန္တရာယ်ကို စိုးရိမ်သဖြင့် မည်သူမျှမကူညီရဲဘဲ မျက်ကွယ်ပြုခဲ့ကြသည်ဟု ဖော်ပြသည်။ ရဲမေက ဤမတရားမှုကို မီဒီယာများထံ ထုတ်ဖော်ပြောဆိုသည့်အခါ စွပ်စွဲခံရသူတပ်ရင်းမှူးက ဆိုရှယ်မီဒီယာတွင် ပြန်လည်ခြိမ်းခြောက်သည့် ပို့စ်တင်ခဲ့သည်ဟု သတင်းများက ဖော်ပြသည်။

---

[12] https://www.bbc.com/burmese/articles/czx42g2kyz6o

ထို့ပြင် စွပ်စွဲခံရသူ၏တပ်ဖွဲ့ဝင်များက ရဲမေ၏မိသားစု ပုန်းအောင်းနေသည့် ကျေးရွာများအထိ စောင့်ကြည့်နေသောကြောင့် ကလေးငယ်အပါအဝင် မိသားစုတခုလုံးမှာ တောတောင်ထဲသို့ အကြိမ်ကြိမ် နေရာပြောင်းရွှေ့တိမ်းရှောင်ခဲ့ရသည်ဟု ဆိုသည်။ စွပ်စွဲခံရသူကို ချက်ချင်း ထိန်းချုပ်အရေးယူခြင်း မရှိသည့်အပြင် အသက်အန္တရာယ်ကြောင့် တိမ်းရှောင်နေရသည့် ရဲမေနှင့် ခင်ပွန်းကို ရောက်ရာအရပ်မှ တပ်ရင်းထံသတင်းပို့ရန် ဖိအားပေးခဲ့ရာ တိုင်ကြားသူ၏လုံခြုံရေးကို လျစ်လျူရှုသည့် လုပ်ရပ်အဖြစ် ဝေဖန်ခံခဲ့ရသည်။

ဘီဘီစီနှင့် ဧရာဝတီသတင်းဌာနများက ရဲမေ၏ ရင်ဖွင့်သံနှင့် မိသားစု၏ အသက်အန္တရာယ် ခြိမ်းခြောက်ခံနေရမှု၊ တော်လှန်ရေးနယ်မြေတွင်း လူနည်းစုအပေါ် ခွဲခြားဖိနှိပ်မှုများကို စုံစမ်းထောက်လှမ်း သတင်းဖော်ထုတ်ခဲ့သည်။[13] ဗမာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများသမဂ္ဂ (ABWU) အပါအဝင် အမျိုးသမီး ရေးရာအဖွဲ့ (၁၆) ဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်း (၁၄၉) ဖွဲ့တို့က အိတ်ဖွင့်ပေးစာ ထုတ်ပြန်ကာ ပြစ်ဒဏ် ကင်းလွတ်ခွင့် ပပျောက်ရေး၊ တပ်ရင်းမှူးအား ရာထူးမှရပ်နား စစ်ဆေးရေးနှင့် NUG MOD ထံ မျက်နှာစုံညီ တွေ့ဆုံရန် ပြင်းပြင်းထန်ထန် ဖိအားပေး တောင်းဆိုခဲ့သည်။[14]

> “
>
> တော်လှန်ရေးကာလအတွင်း လက်နက်ကိုင်ထားသူများအပေါ် စွပ်စွဲချက်များကို
> လွတ်လပ်စွာ စုံစမ်း၊ အရေးယူရန် ပျက်ကွက်ခြင်းသည်
> တော်လှန်ရေး၏ အဓိကတန်ဖိုးများဖြစ်သော တရားမျှတမှုနှင့်
> လူ့ဂုဏ်သိက္ခာနှင့် ဆန့်ကျင်ရာ ရောက်စေနိုင်သည်။

ယင်းမာပင်ခရိုင် တပ်ရင်း (၂၀) အမှုတွင် ဖြစ်စဉ်ဖြစ်ပွားပြီး (၃) လနီးပါး ကြာမြင့်သည်အထိ ထိရောက်သော အရေးယူမှုမရှိခဲ့ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၏ အိတ်ဖွင့်ပေးစာနှင့် လူထုဖိအား ပြင်းထန်လာမှသာ NUG ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းစစ်ဆေးနေကြောင်း၊ သံသယတရားခံကို ထိန်းသိမ်းထားကြောင်း ထုတ်ပြန်ခဲ့သည်။[15] သို့သော် စစ်ဆေးနေစဉ် ကာလအတွင်း၌ပင် စွပ်စွဲခံရသူ တပ်ရင်းမှူးသည် ဖုန်းအသုံးပြုခွင့်ရရှိနေခြင်း၊ လူမှုကွန်ရက်မှတဆင့် လွတ်လပ်စွာ ခြိမ်းခြောက်ခွင့် ရနေခြင်းတို့ကြောင့် NUG ၏ တရားစီရင်ရေးနှင့် စစ်ဆေးကိုင်တွယ်မှုအပေါ် ဝေဖန်မှုများ ရှိခဲ့သည်။ အင်တာဗျူးပါဝင်သူ မန္တလေး ကြားကာလအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူတဦးကလည်း ဤအမှုနှင့်ပတ်သက်၍ “အခုထိ အမှု ၆ လကျော်နေပြီ အမှန်တရား မပေါ်သေးဘူးဆိုတဲ့

[13] https://www.facebook.com/share/p/18YvQ42yhc/
[14] https://www.facebook.com/share/p/1D7n6YwJeM/
[15] https://www.facebook.com/share/p/15189fXAvHq/

ကိစ္စ” ဟုဆိုပြီး ထိုမတရားမှုကို ထုတ်ဖော်ပြောဆိုသူများသည် မြေပြင်တွင်ရှိနေပါက အသက်အန္တရာယ်များကြောင်း ဖော်ပြသည်။[16]

ဤဖြစ်စဉ်အရ တော်လှန်ရေးကာလအတွင်း လက်နက်ကိုင်ထားသူများအပေါ် စွပ်စွဲချက်များကို လွတ်လပ်စွာ စုံစမ်း၊ အရေးယူရန် ပျက်ကွက်ခြင်းသည် တော်လှန်ရေး၏ အဓိကတန်ဖိုးများဖြစ်သော တရားမျှတမှုနှင့် လူ့ဂုဏ်သိက္ခာနှင့် ဆန့်ကျင်ရာ ရောက်စေနိုင်သည်။ ဤဖြစ်စဉ်တွင် ထုတ်ဖော်ပြောဆိုသူနှင့် သတင်းသမားများအတွက် သက်သေအကာအကွယ်ပေးရေးစနစ် ရှိကြောင်း ကျွန်ုပ်တို့ မတွေ့ရှိရပါ။ ဒေသန္တရ အုပ်ချုပ်ရေးယန္တရားများ ပျက်ယွင်းနေချိန်တွင် မီဒီယာများ၏ စုံစမ်းဖော်ထုတ်မှု၊ အရပ်ဘက်အဖွဲ့များ၏ ပူးပေါင်းဖိအားပေးမှုကဲ့သို့ ထုတ်ဖော်ပြောဆိုမှု အင်အားစုများ ရှိနေမှသာ တာဝန်ခံမှု ယန္တရား စတင်လှုပ်ရှားလာခြင်းကို ဤဖြစ်စဉ်တွင် တွေ့ရသည်။

၃.၄။ ဖြစ်စဉ် (၃) ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်နှင့် နယ်မြေစိုးမိုးရေး ကန့်သတ်ချက်များ

နေရာ
မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်

ကာလ
၂၀၂၅၊ အောက်တိုဘာ

ပါဝင်သူ
အရေးပေါ်အုပ်ချုပ်ရေးကော်မတီ
(MDY-PDF၊ ပကဖ၊ ပလဖ)

ကဏ္ဍ
ဒီဂျစ်တယ် လွတ်လပ်ခွင့်

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (မန္တလေး) – MDY–PDF၊ စဉ့်ကူးမြို့နယ် ပကဖနှင့် ပလဖတို့ ပူးပေါင်းဖွဲ့စည်းထားသည့် စဉ့်ကူးမြို့နယ် အရေးပေါ်အုပ်ချုပ်ရေးကော်မတီက စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုအန္တရာယ်နှင့် လုံခြုံရေးကျိုးပေါက်မှုကို ကာကွယ်ရန် အကြောင်းပြချက်ဖြင့် Starlink အင်တာနက် အသုံးပြုခွင့်ကို ကန့်သတ်ထားသည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ညနေ (၃) နာရီခန့်တွင် ကျေးရွာတရွာရှိနေအိမ်တွင် Starlink တပ်ဆင်အသုံးပြုမှုသည် အဆိုပါ ဒေသန္တရစည်းမျဉ်းများကို ချိုးဖောက်သည်ဟုဆိုကာ သွားရောက်စစ်ဆေး အရေးယူခဲ့သည့် ပူးပေါင်းအဖွဲ့ ရဲဘော်များနှင့် မိသားစုဝင်များအကြား စကားများ အငြင်းပွားမှု ဖြစ်ပွားခဲ့သည်။[17]

16 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ မန္တလေးကြားကာလအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူ
17 https://bit.ly/4ypMSIt

အရေးပေါ် အုပ်ချုပ်ရေးကော်မတီက Starlink အင်တာနက်ကို ကိုယ်ပိုင်အိမ်သုံးအတွက်သာ ကန့်သတ်ခွင့်ပြုပြီး အများပြည်သူသို့ အခကြေးငွေဖြင့် မျှဝေသုံးစွဲခြင်းနှင့် လိုင်းခွဲဝေသုံးစွဲခြင်းများကို ပိတ်ပင်ထားသည်။[18] အများပြည်သူသို့ အခကြေးငွေဖြင့် မျှဝေအသုံးပြုလိုပါက အာဏာပိုင်များထံ တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရမှသာ သုံးစွဲခွင့်ပေးထားသည်။ ဤအစီအမံသည် စစ်ဒဏ်သင့်နယ်မြေအတွင်း သတင်းရယူခွင့်နှင့် ပြင်ပကမ္ဘာသို့ သတင်းအချက်အလက် စီးဆင်းခွင့်ကို အုပ်ချုပ်ရေးအာဏာဖြင့် ထိန်းချုပ်သည့် သက်ရောက်မှု ရှိနိုင်သည်။

ငွေသွင်းငွေထုတ်နှင့် အရေးပေါ်ကျန်းမာရေးအတွက် အင်တာနက် အသုံးပြုသူတိုင်း၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ် အမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ\ကို မှတ်တမ်းတင်ထားရပြီး စစ်ဆေးရေးအဖွဲ့က တောင်းဆိုပါက ပြသရမည်ဟု စည်းမျဉ်းထုတ်ထားသည်။ သုံးစွဲသူများ၏ အချက်အလက်လုံခြုံမှုကို ထိန်းသိမ်းရမည့်အစား အပြည့်အဝ စောင့်ကြည့်စစ်ဆေးနိုင်သည့် မူဝါဒကို ကျင့်သုံးထားသည့်အပြင် အင်တာနက်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသမျှ လုံခြုံရေးကျိုးပေါက်မှု အားလုံးအတွက် စက်ပိုင်ရှင်ကသာ တာဝန်ခံရမည်ဟု ချမှတ်ထားသည်။[19]

စည်းကမ်းဖောက်ဖျက်ပါက ပထမအကြိမ် ဒဏ်ငွေ ကျပ် ၁၀ သိန်း၊ ဒုတိယအကြိမ် ကျပ် သိန်း ၂၀ နှင့် တတိယအကြိမ်တွင် စက်ပစ္စည်းအား (၄) လကြာ သိမ်းဆည်းသည့် ကြီးလေးသောဒဏ်ခတ်မှုများ သတ်မှတ်ထားသည်။ မြေပြင်စစ်ဆေးမှုများပြုလုပ်ရာတွင်လည်း လက်နက်ကိုင်ရဲဘော်များကစိတ်လိုက်မာန်ပါပြုမူခြင်း၊ အာဏာပြ အငြင်းပွားခြင်းများ ပြုလုပ်ခဲ့သဖြင့် ပြည်သူများအတွက် နည်းပညာသုံးစွဲခွင့်သာမက လုံခြုံစွာနေထိုင်ခွင့်ပါ ခြိမ်းခြောက်ခံခဲ့ရသည်။

အရေးပေါ်အုပ်ချုပ်ရေးအဖွဲ့က စစ်တပ်၏ နေ့စဉ် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်နှင့် လုံခြုံရေး ကျိုးပေါက်နိုင်ခြေကိုအကြောင်းပြကာ အင်တာနက်ကန့်သတ်ချက်များ ချမှတ်ရသည်ဟု ဆိုသည်။ အငြင်းပွားမှု ဖြစ်ပွားပြီးနောက် အရေးပေါ်အုပ်ချုပ်ရေးကော်မတီက သတင်းထုတ်ပြန်ခဲ့ပြီး[20] စည်းမျဉ်းချိုးဖောက်၍ စက်တပ်ဆင်သူများအပေါ်သာမက စည်းမျဉ်းကို အကောင်အထည်ဖော်ရာတွင် ကျင့်ဝတ်စည်းကမ်း ချိုးဖောက်သည့် တော်လှန်ရေးတပ်ဖွဲ့ဝင်များအပေါ်ပါ သင့်လျော်သလို အရေးယူမည်ဟု ကြေညာခဲ့သည်။ NUG တံဆိပ်ပါ ထုတ်ပြန်ချက်အရ ကျေးရွာသို့ ပထမ လုံခြုံရေးတာဝန်ရှိသူ ၅ ဦး သွားရောက်ပြီး မအောင်မြင်သဖြင့် PDF တပ်ဖွဲ့ဝင်များပါ ပါသည့် ၁၂ ဦးအဖွဲ့ ပြန်သွားကာ စက်ကိုသိမ်းဆည်း၍ တာဝန်ရှိသူကို စစ်ဆေးရန် ခေါ်ယူခဲ့သည်။[21] NUG ၏ ဖျက်သိမ်းလိုက်ပြီဖြစ်သည့် လူ့အခွင့်အရေးဝန်ကြီးဌာန တာဝန်ရှိသူတဦးကလည်း MDY PDF ဖြစ်စဉ်ကို သာဓကပြကာ ပြည်သူနှင့်ဆက်ဆံရာတွင် စည်းကမ်းနှင့်မညီပါက တပ်ကပင် တပ်စည်းကမ်းအရ အရေးယူလေ့ရှိသည်ဟု ဆိုသည်။ သို့သော် ထိုအရေးယူမှု လက်တွေ့ ဆောင်ရွက်ခဲ့သည့်ရလဒ်ကို ဤစာတမ်းက အတည်မပြုနိုင်သေးပါ။

---

[18] https://myanmar-now.org/mm/news/68605/?utm_source=chatgpt.com

[19] https://myaelattathan.com/news/15738/

[20] https://myanmar-now.org/en/news/myanmar-resistances-restriction-of-starlink-access-draws-backlash-from-civilians/

[21] https://myanmar-now.org/en/news/myanmar-resistances-restriction-of-starlink-access-draws-backlash-from-civilians/

တော်လှန်ရေး အင်အားစုများသည် နယ်မြေထိန်းချုပ်နိုင်လာသည့်အခါ စစ်ရေးလုံခြုံရေးခေါင်းစဉ်ဖြင့် ပြည်သူများ၏ သတင်းအချက်အလက်ရယူခွင့်နှင့် နည်းပညာလွတ်လပ်ခွင့်ကို တရားဝင် အမိန့်ညွှန်ကြားချက်များထုတ်၍ ကန့်သတ်ထိန်းချုပ်သည့် အလေ့အထများ ပေါ်ပေါက်လာသည်မှာ ဤဖြစ်ရပ်တခုဖြင့်ပင် ထင်ရှားသည်။ ကရင်နီဒေသ၊ NUG တိုက်ရိုက်ထိန်းချုပ်နေသည့် အညာဒေသ၊ ရခိုင့်တပ်မတော် (AA) ထိန်းချုပ်ရာ ရခိုင်ပြည်နယ်နှင့် ၁၀၂၇ စစ်ဆင်ရေးကာလအတွင်းက TNLA နှင့် MNDAA ထိန်းချုပ်ခဲ့သည့် ဒေသများတွင်လည်း အလားတူဖြစ်ရပ်များ[22] ပေါ်ပေါက်ခဲ့သည်။ အင်တာနက်သုံးစွဲခွင့်ကို ခွင့်ပြုမိန့်ယူစေခြင်းနှင့် ကိုယ်ရေးအချက်အလက် စာရင်းကောက်ယူခြင်းတို့သည် ဒစ်ဂျစ်တယ်နယ်ပယ်တွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်သွယ်ခွင့်ကို ခြိမ်းခြောက်သည့် အာဏာရှင်ဆန်သော စံနှုန်းများ ဖြစ်ပေါ်စေနိုင်သည်။

လေ့လာတွေ့ရှိချက်– ဒစ်ဂျစ်တယ်နှင့် အင်တာနက်လွတ်လပ်ခွင့်

စိုးမိုးနယ်မြေများတွင် ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်နှင့် သတင်းအချက်အလက် စီးဆင်းမှုအပိုင်းများ၌ ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ စစ်ရေးပြင်းထန်သောဒေသများတွင် အင်တာနက်သည် သတင်းအချက်အလက်ရယူခွင့်အပြင် ဒေသခံပြည်သူများ၏ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးနှင့် အသက်ကယ် သတင်းအချက်အလက်ရယူနိုင်ခွင့်နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဥပမာအားဖြင့်ဆိုလျှင် လေကြောင်းနှင့် မြေပြင်စစ်ကြောင်းထိုးတိုက်ခိုက်မှု ကြိုတင်သတိပေးချက်များ၊ လုံခြုံသောနေရာအား ရှာဖွေနိုင်ရန် သတင်းအချက်အလက်များနှင့် မိသားစုဝင်များ၏ ဘေးကင်းလုံခြုံမှုကို စိစစ်ရန် ဆက်သွယ်ရေးလမ်းကြောင်းများသည် အင်တာနက် ချိတ်ဆက်မှုအပေါ်တွင် အပြည့်အဝ မှီခိုနေသည်။

သုတေသနအင်တာဗျူးတွင် ပါဝင်ခဲ့သည့် အလွတ်တန်း အမျိုးသမီးသတင်းထောက်၏ ပြောဆိုချက်အရ Starlink ပိတ်ခြင်း၏ သက်ရောက်မှုသည် ကာလပေါ်မူတည်ပြီး တလ၊ နှစ်လကြာပိတ်လျှင် မကောင်းဘဲ ရက်ပိုင်းသာပိတ်လျှင် နည်းနည်းခံသာကြောင်း ဆိုသည်။

> *"Starlink ပိတ်တာဘာညာတွေကတော့ သက်ရောက်မှုရှိတယ်။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်လို့ပဲ ပြောရမလား၊ ပြည်သူတွေရဲ့ လုပ်ငန်းဆောင်တာ သတင်းအချက်အလက် ရရှိမှုအပေါ်လည်း သက်ရောက်မှုတွေတော့ ရှိတယ်။ ဒါပေမဲ့ အဲ့ဒါက အချိန်ပေါ်မူတည်တယ်။ တလ၊ နှစ်လကြီး ပိတ်လိုက်တာကတော့ မကောင်းဘူး။ တချို့နေရာကျတော့ အကြာကြီးပိတ်တာမျိုးတော့ ရှိတယ်။ တချို့ကျ ရက်ပိုင်းလောက် ပိတ်တာမျိုးဆိုရင်တော့ နည်းနည်းတော်သေးတယ် ပြောရမယ်။"*[23]

[22] https://www.myanmarinternet.info/post/quarterly_may_july_2026

ဒေသခံပြည်သူလူထု ကြုံတွေ့လာရသည့် နောက်ဆက်တွဲ အကျိုးဆက်မှာ သတင်းစီးဆင်းမှုများ ရပ်တန့်သွားရုံသာမကဘဲ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပြင် လူမှုရေးရာကဏ္ဍများ၏ ထိခိုက်နစ်နာမှုများ ဖြစ်သည်။ [24] လေ့လာတွေ့ရှိချက်များအရ စိုးမိုးနယ်မြေတချို့၌ အာဏာပိုင်များသည် စစ်ရေးနှင့်လုံခြုံရေးကို အကြောင်းပြကာ ဒေသတွင်း အင်တာနက်အသုံးပြုခွင့်ကို ကန့်သတ်ထားလေ့ရှိသည်။ အင်တာဗျူးတွင်ပါဝင်ခဲ့သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရေး လေ့လာသုံးသပ်သူကမူ စတားလင့်အသုံးပြုခွင့်အတွက် အခွန်နှုန်းမြှင့်တင်ခြင်းကို ထိန်းချုပ်ရန်စဉ်းစားတဲ့ နည်းစနစ်တခုအဖြစ် မြင်ကြည့်နိုင်ကြောင်းဆိုသည်။

> *“အများပြည်သူက လွယ်လင့်တကူ အသုံးပြုနိုင်တဲ့ အခွင့်အရေးတခုကို အားနည်းသွားအောင် လုပ်တယ်လို့ ကျွန်တော်တို့ မြင်လို့ရတယ်။ … ဒါတွေက FOE ကို လုံခြုံရေး၊ စစ်ရေး အကြောင်းပြပြီးတော့ ပိတ်ပင်ဖို့ လုပ်တာပဲပေ့ါနော်။ ဒီနေရာမှာ တဖက်က လုံခြုံရေးနဲ့ အများပြည်သူအတွက် အန္တရာယ်ရှိတယ်ဆိုတာကို ကျွန်တော်တို့က စဉ်းစားပေးပေမဲ့၊ ဒီလိုပိတ်တာကတော့ ပိုတယ်လို့ ကျွန်တော်တို့က မြင်တယ်။ ဒီဟာထက်ကို တခြားအရပ်ဖက်မှာ တခြားသော အခြေအနေတွေကို ချုပ်နိုင်ဖို့ ကြိုးစားတာပေ့ါ။ အာဏာသက်ရောက်ဖို့၊ တကယ်လက်တွေ့ ဘယ်ဟာတွေကြောင့်မို့လို့ ဒီလိုအခြေအနေမျိုးတွေ ဖြစ်နေသလဲဆိုတဲ့ဟာမျိုးတွေ စူးစမ်းတာ၊ လေ့လာတာမျိုးမလုပ်ဘဲနဲ့ လွယ်လင့်တကူ ပိတ်ပင်ဖို့ကြိုးစားတဲ့ ကိစ္စမျိုးတွေပေ့ါနော်။ ဒီဟာက ခဏကပြောတဲ့ ထင်ရှားတဲ့ဥပမာ ဒုတိယတခုလို့ မြင်ပါတယ်ခဗျာ။”* [25]

ဒေသတွင်း အာဏာပိုင်များသည် ဒစ်ဂျစ်တယ်နှင့် အင်တာနက်လွတ်လပ်ခွင့်ကို စစ်ရေး၊ လုံခြုံရေးဟူသော အကြောင်းပြချက်ဖြင့် ကန့်သတ်ရာတွင် လုံခြုံရေးအန္တရာယ်သည် အမှန်တကယ် ရှိနိုင်သော်လည်း၊ တဖက်တွင် ၎င်းတို့ အာဏာတည်မြဲစေရန်နှင့် အခွန်ငွေ ရရှိနိုင်ရေးအတွက်ပါ အသုံးချနေနိုင်သည်ဟု အင်တာဗျူးပါဝင်သူတဦးက ဆိုသည်။ ဒစ်ဂျစ်တယ်နှင့် အင်တာနက်လွတ်လပ်ခွင့်ကို ထိန်းချုပ်ခြင်းသည် ဒေသခံများ၏ သတင်းရယူ၊ သိရှိပိုင်ခွင့်ကိုသာမက ၎င်းတို့၏ အသက်အန္တရာယ်နှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် ထိုကန့်သတ်ချက်များသည် လိုအပ်ချက်နှင့် အချိုးညီမျှမှု စံနှုန်းကို ကျော်လွန်နေသလားဆိုသည်ကို မေးခွန်းထုတ်သင့်သည်။

သို့ရာတွင် အာဏာပိုင်ဘက်၏ ရှင်းလင်းချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ NUG ၏ ယခင် လူ့အခွင့်အရေးဝန်ကြီးဌာန တာဝန်ရှိသူက Starlink ကို ပိတ်ပင်ရခြင်းသည် ရုံးများ၏ လုံခြုံရေးသာမက ရုံးတည်ရှိရာ ရွာတရွာလုံး ပစ်မှတ်ထားခံရနိုင်သည့် ရပ်ရွာလုံခြုံရေးအတွက်လည်း ဖြစ်ကြောင်းရှင်းပြပြီး “ဒီသတင်းတွေက ရုံးနေရာတွေ

---

23 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ အလွတ်တန်း အမျိုးသမီးသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

24 မြန်မာ့ ပြည်တွင်းဖြစ် – စစ်တပ်မှ ပြုလုပ်သည်၊ အသံအဖွဲ့ (နိုဝင်ဘာလ ၂၀၂၅)

25 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး လေ့လာသုံးသပ်သူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

location တွေပေါက်တဲ့အခါမှာ လေကြောင်းနဲ့ ဗုံးကြဲခံရတဲ့ဖြစ်စဉ်မျိုးတွေ တိုက်ရိုက်တည်တည်ကြီးထိတဲ့ ဖြစ်စဉ်မျိုးတွေလည်း အများကြီးရှိခဲ့တယ်။ ဒါတွေသည် မထုတ်ပြန်တဲ့အတွက်ကြောင့်မို့လိုသာ မသိသာတာ" ဟု ဆိုသည်။ ကန့်သတ်ချက်များကို မြို့နယ်အလိုက် ကာလအကန့်အသတ်ဖြင့် ကြေညာကာ သိမ်းဆည်းထားသောစက်ကို အချိန်တခုအကြာတွင် ပြန်ပေးလေ့ရှိသည်ဟုလည်း ဆိုသည်။[26]

တဖက်တွင် သုတေသနအင်တာဗျူးတွင် ပါဝင်ခဲ့သည့် နယ်မြေခံသတင်းထောက်က ၎င်း၏ဒေသတွင် Starlink ပိတ်ဆို့ခြင်း မကြုံရသေးကြောင်း၊ ပိတ်ပါက ရွာလူထုသည် စစ်ကြောင်းနေရာ သတင်း ဖလှယ်၍ မရနိုင်ကြောင်း "starlink Wifi တွေ ပိတ်လိုက်ခြင်းအားဖြင့် ဘယ်နေရာမှာ စစ်သားတွေရောက်နေမှန်းမသိ ဘာမှန်းမသိဆိုရင် အကုန်လုံး ပြည်သူလူထုကို သတ်သလိုတောင် ဖြစ်သွားဦးမယ်"[27] ဟု ဆိုသည်။ နယ်မြေခံ တက်ကြွလှုပ်ရှားသူ တဦးကမူ စစ်ကိုင်းတိုင်းရှိ မြို့တမြို့သိမ်းပြီးနောက် ပြည်သူများကို Starlink မသုံးရန်တားမြစ်ခဲ့သော ဖြစ်ရပ်ကို ဥပမာပေးကာ "ဒီလို အခြေအနေမျိုးတွေကတော့ အာဏာရှင်ဆန်တဲ့ အပြုအမူတွေမဟုတ်ဘူး"[28] ဟု ဆိုသည်။ ထို့ကြောင့် လုံခြုံရေး အကြောင်းပြချက်ဖြင့် ကန့်သတ်သည့်အခါ တရားဝင်ကန့်သတ်ချက်နှင့် ပိုလွန်သော ကန့်သတ်ချက်ကို ခွဲခြားစစ်ဆေးရန် လိုသည်။

၃.၅။ ဖြစ်စဉ် (၄) သတင်းမီဒီယာ ဖိနှိပ်မှုနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး

နေရာ
မတ္တရာ၊ မောင်တော၊ ဖားကန့်

ကာလ
၂၀၂၅၊ စက်တင်ဘာ – အောက်တိုဘာ

ပါဝင်သူ
ဒေသတင်း လက်နက်ကိုင်အဖွဲ့များ
AA၊ KIA

ကဏ္ဍ
သတင်းမီဒီယာ လွတ်လပ်ခွင့်

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်း မြေပြင်သတင်းများ ရယူဖော်ပြနေသည့် Upper Burma News Agency (UBNA) သတင်းဌာန၏ မတ္တရာမြို့နယ် သတင်းတာဝန်ခံ ဦးတိုးကြီးသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်တွင် ဒေသတွင်း လက်နက်ကိုင်အဖွဲ့အစည်းနှစ်ခု၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ ဦးတိုးကြီးသည် "People's Information Force" အမည်ရှိ Telegram Channel ဖွင့်လှစ်ကာ ဒေသတွင်း စစ်အာဏာရှင် ဖိနှိပ်မှုများကို တင်ပြနေ

---

26 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ NUG ၏ ယခင်လူ့အခွင့်အရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်
27 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နုတ်ချက်
28 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံတက်ကြွလှုပ်ရှားသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

သူ ဖြစ်သည့်အပြင် Mandalay Free Press (MFP)၊ Democratic Voice of Burma (DVB) စသည့် သတင်းဌာနများ ထံသို့လည်း ဒေသတွင်း သတင်းအချက်အလက်များ တင်ပြပေးနေသည့် မြေပြင်သတင်းသမားတဦး ဖြစ်သည်။[29]

တော်လှန်ရေးနယ်မြေများနှင့် ပဋိပက္ခဒေသများအတွင်း သတင်းထောက်များ ဖမ်းဆီးခံရမှုသည် မတ္တရာ တခု တည်းမဟုတ်ဘဲ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့တွင် အာရက္ခတပ်တော် (AA) ထောက်လှမ်းရေးတပ်ဖွဲ့က Border News Agency (BNA) သတင်းထောက် မမုဒြာအား နေအိမ်တွင် လာရောက် ဖမ်းဆီးခဲ့သည့်ဖြစ်စဉ်၊[30] ကချင်ပြည်နယ် ဖားကန့်မြို့တွင် အခြေစိုက်သည့် အလွတ်သတင်းထောက်တဦးကို ကချင် လွတ်မြောက်ရေးတပ်မတော်က မကြာခဏ ခေါ်ယူစစ်ဆေးသည့် ဖြစ်စဉ်များ[31] လည်း ရှိခဲ့သည်။

လက်နက်ကိုင်တပ်ဖွဲ့များသည် သတင်းထောက်ဦးတိုးကြီးအား ဖမ်းဆီးရာတွင် စစ်ရေးသတင်းများ ပေါက် ကြားသည်ဟူသော အကြောင်းပြချက်ကို အသုံးပြုခဲ့သည်[ရင်းမြစ်]။[32] အရပ်သားသေဆုံးမှု၊ တိုက်ပွဲအခြေအနေနှင့် လေကြောင်းဗုံးကြဲမှုစသည့် ဒေသခံလူထု သိရှိပိုင်ခွင့်ရှိသော အခြေခံသတင်း အချက်အလက်များ ဖော်ပြခြင်းကိုပင် စစ်ရေးလျှို့ဝှက်ချက် ဖောက်ဖျက်မှုအဖြစ် သတ်မှတ်ကာ ဖမ်းဆီးထိန်းသိမ်းမှုများ ပြုလုပ်ခဲ့သည်။

ဦးတိုးကြီးကို မည်သည့်အဖွဲ့က မည်သည့်နေရာတွင် မည်သည့်ဥပဒေဖြင့် ဖမ်းဆီးထားကြောင်း တရားဝင် ထုတ်ပြန်အသိပေးခြင်းမရှိပေ။ အသက်ရှင်လျက် ရှိ/မရှိ၊ ကျန်းမာရေး အခြေအနေနှင့် ရောက်ရှိနေသည့် နေရာတို့ကို မိသားစုနှင့် မီဒီယာဌာနက အတည်မပြုနိုင်အောင် သတင်းအမှောင်ချထားသဖြင့် ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် သတင်း လွတ်လပ်ခွင့်ကို အပြင်းအထန် ခြိမ်းခြောက်ခြင်း ဖြစ်သည်။

တလနီးပါးအကြာ ဖမ်းဆီးထိန်းသိမ်းခံရဖူးသည့် နယ်မြေခံသတင်းသမားက ထိန်းချုပ်ခံရခြင်း၏ ဆက်လက် သက်ရောက်မှုကို "ကျွန်တော်တို့ကို ထိန်းချုပ်လိုက်ခြင်းဖြင့် ကျွန်တဲ့ဥစ္စာတွေပါ အသံပိတ်အောင် လုပ်တဲ့သဘော သက်ရောက်တာ၊ ကျန်တဲ့ဥစ္စာနဲ့ပတ်သက်ပြီး သိပ်ပြီး ပြောရဲဆိုရဲ မရှိတော့ဘူး။ ပြန်ဝေဖန်ရင်တော့ ခံရမှာပဲဆိုတဲ့ အဲ့ အတွေးဝင်လာတာပေါ့"[33] ဟု ဆိုသည်။

29 https://www.facebook.com/share/p/1HfEhhA5W5/
30 https://myanmar-now.org/mm/news/67965/
31 https://www.facebook.com/reel/845904014463041
32 https://myanmar-now.org/mm/news/73431/
33 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

လေ့လာတွေ့ရှိချက် – သတင်းမီဒီယာဖိနှိပ်မှုနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး

၂၀၂၁ အာဏာသိမ်းကာလက စတင်၍ အာဏာသိမ်းစစ်တပ်၏ ပစ်မှတ်ထား သတ်ဖြတ်၊ ဖမ်းဆီးမှုဒဏ်ကို ရင်ဆိုင်နေရသည့်အပြင် တော်လှန်ရေး လက်နက်ကိုင်တပ်များ၏ ဖမ်းဆီးဖိနှိပ်မှုများကိုပါ ကြုံတွေ့လာရသည့်အခါ သတင်းထောက်များသည် နှစ်ဖက်စလုံးကို ကြောက်နေရသည့် အခြေအနေသို့ ရောက်ရှိသွားသည်။ မြေပြင် သတင်းသမားများအနေဖြင့် လုံခြုံမှုကင်းမဲ့လာကာ ပဋိပက္ခဒေသတွင်း အဖြစ်မှန်များကို ရေးသားဖော်ပြရန် တွန့်ဆုတ်လာပြီး မိမိဘာသာ ဆင်ဆာဖြတ်တောက်မှု ပိုမိုဆိုးရွားလာနိုင်မည် ဖြစ်သည်။ သတင်းသမားများအား စွပ်စွဲဖမ်းဆီးရာတွင် စနစ်တကျ အမှုစစ်ဆေးသည့် ပုံစံမဟုတ်ဘဲ ဥပဒေမဲ့ ခေါ်ဆောင်ချုပ်နှောင်သည့် ပုံစံဖြစ်နေသဖြင့် တော်လှန်ရေး နယ်မြေများအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေအနေမှာ စိုးရိမ်ဖွယ် ဖြစ်နေသည်။

အခန်း (၄)
လေ့လာတွေ့ရှိချက်များ

ဤအပိုင်းတွင် ဖြစ်စဉ်လေ့လာချက် (၄) ခုနှင့် သုတေသနအင်တာဗျူးများမှ ပေါ်ထွက်လာသော တွေ့ရှိချက်များကို ဖိနှိပ်မှုပုံစံများ၊ အာဏာပိုင်များ၏ အကြောင်းပြချက်များနှင့် လက်တွေ့တာဝန်ယူမှု အခြေအနေဟူ၍ အပိုင်း (၃) ပိုင်းခွဲ၍ ပေါင်းစပ် ရေးသားထားပါသည်။

၄.၁။ ဖိနှိပ်မှုနှင့် တုံ့ပြန်မှုပုံစံများ

တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့အပေါ် ဝေဖန်ထောက်ပြမှုများကို တုံ့ပြန်ရာ၌ အုပ်ချုပ်ရေးယန္တရားမှ ခွင့်ပြုထားသော ဖိနှိပ်မှုနှင့် အုပ်ချုပ်ရေးယန္တရားဘောင်အပြင်မှ ဖိနှိပ်မှုဟူ၍ ကွဲပြားသော ချဉ်းကပ်နည်းနှစ်မျိုးလုံးကို တပြိုင်နက်တည်း အသုံးပြုနေကြောင်း ဤသုတေသနက တွေ့ရှိရသည်။

အုပ်ချုပ်ရေးယန္တရားမှ ခွင့်ပြုထားသော ဖိနှိပ်မှုပုံစံတွင် အုပ်ချုပ်ရေးအာဏာကိုအသုံးပြု၍ လူ့ရပိုင်ခွင့် ချိုးဖောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့်ကို ကန့်သတ်ထားသည့် အမိန့်များထုတ်ပြန်ခြင်း အစရှိသည်တို့ ပါဝင်သည်။ ဥပမာ – တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် KNU သည် ၎င်းတို့ထိန်းချုပ်နယ်မြေများအတွင်း သတင်းအချက်အလက်ရယူရာ၌ တာဝန်ရှိသူများထံမှ ခွင့်ပြုချက်တောင်းခံရန်နှင့်[34] သတင်းစီးဆင်းမှုကို ထိန်းချုပ်နိုင်ရန် တရားဝင်မူဝါဒများ ထုတ်ပြန်ထားသည်။[35] တော်လှန်ရေးအင်အားစုများ၏ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်များကို ဝေဖန်သည့် သတင်းရေးသားမှုများကို သတင်းအမှား ရေးသားသည်ဟုစွပ်စွဲကာ သတင်းရေးသားသူအား ဖမ်းဆီး၊ ချုပ်နှောင်ခြင်းများအထိ လုပ်ဆောင်လေ့ရှိသည်။ ယင်းသည် သတင်းလွတ်လပ်ခွင့်အပေါ် တရားဝင်ဖိအားပေး ခြိမ်းခြောက်မှုပင် ဖြစ်သည်။

ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၏ တရားမျှတမှုမရှိသော လုပ်ရပ်များအပေါ် ဝေဖန်ထောက်ပြသည့် သတင်းရေးသားခြင်းကြောင့် သတင်းအမှား ရေးသားသည်၊ တော်လှန်ရေးအင်အားစု အချင်းချင်းကြား သွေးကွဲစေသည့်

34 နယ်မြေအတွင်း သတင်းရယူခြင်းဆိုင်ရာ စည်းကမ်းချက်များ KNU ထုတ်ပြန်၊ Karen Information Center (ဧပြီလ ၂၀၂၄)
35 ကရင်နှင့် ကရင်နီပြည်နယ်တွင်း သတင်းရယူမှုကိုကန့်သတ်၊ DVB (ဧပြီလ ၂၀၂၄)

သတင်းရေးသားသည်” ဟု စွပ်စွဲကာ သတင်းသမားတဦးကို (၂) ကြိမ်တိုင် ဖမ်းဆီးခဲ့သည့်ဖြစ်ရပ်တခု ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) စိုးမိုးရာ ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။ ထိုသတင်းသမားကို ပထမတကြိမ် (၂၈) ရက်ကြာ ဖမ်းဆီးချုပ်နှောင်ခဲ့ပြီး နောက်တကြိမ်တွင် (၂၄) နာရီကြာ ထိန်းသိမ်းထားခဲ့သည်။ (၂၈) ရက်ကြာ ချုပ်နှောင်စဉ်က ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် အခြားသော လက်နက်ကိုင် တပ်ဖွဲ့များအကြား သွေးကွဲစေသည် ဆိုသည့် အကြောင်းပြချက်ဖြင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ အချုပ်ခန်းမဟုတ်သည့် အဆောင်တန်းလျား တခုအတွင်း ဖမ်းဆီး ချုပ်နှောင်ထားစဉ် လက်နက်ကိုင် အစောင့်အကျပ်များဖြင့်ထားရှိပြီး ထိုသို့ ထိန်းသိမ်းထားစဉ် ကာလတလျှောက်လုံးတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း အဆိုပါ သတင်းသမားက ပြောကြားခဲ့သည်။

> *“ကျွန်တော့်ကိုစောင့်တဲ့ အစောင့်တွေက တခါတလေမူးယဇ်သောက်တယ်။ မူးလာရင် အမှုစစ်မယ်ဆိုပြီးတော့ ဒူးခေါင်းအောက်မှာ ကျောက်ခဲတွေခံပြီးတော့ ဒူးထောက်ခိုင်းတာ။ ကျတော့် မျက်လုံးကို အဝတ်စစည်းပြီးတော့ အပေါ်ကနေ တိပ်နဲ့ အထပ်ထပ်ပိတ်ထားတယ်။ တခါတလေ လက်ကို နောက်ပြန်ခတ်ထားတယ်၊ တခါတလေ လက်ကို ရှေ့မှာထားတယ်။ အရမ်းတောင်းဆိုမှ လက်ထိပ်ကို ရှေ့မှာပြန်ထားပေးတာ။ မကြည်ရင်မကြည်သလို နောက်ပြန်ခတ်တာ။ လက်ထိပ်နောက်ပြန်ခတ်ပြီး အိပ်တဲ့အခါကျရင် ကျွန်တော်တို့မခံနိုင်ဘူး။”* [36]

သတင်းအမှားဟူသော စွပ်စွဲချက်နှင့် သွေးကွဲစေသည်ဆိုသည့် အကြောင်းပြချက်ကို မည်သူက၊ မည်သည့်စံနှုန်းဖြင့်၊ မည်သို့သော လုပ်ငန်းစဉ်အောက်တွင် စီရင်ဆုံးဖြတ်သည်ဆိုသည့် ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်များ မတွေ့ရပေ။ ထို့ကြောင့် ၎င်းသည် တရားစီရင်ရေးဆုံးဖြတ်ချက် တခုထက် အာဏာပိုင်၏ တဖက်သတ်ဆုံးဖြတ်ချက် တခုအဖြစ် ရှုမြင်နိုင်သည်။ ထို့အပြင် တင်းကြပ်သည့် ကန့်သတ်ချက်များသည် သတင်းသမားများအတွက် စောင့်ကြည့်သူ အခန်းကဏ္ဍထက် တော်လှန်ရေး ဝါဒဖြန့်ချိရေးကိရိယာ ဖြစ်စေရန် ပို၍ တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။ နည်းပညာပိုင်းဆိုင်ရာ တရားဝင်ဖိနှိပ်မှုအနေဖြင့် ၂၀၂၅ ခုနှစ်၊ မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်တွင် စတားလင့်အင်တာနက်စက် လက်ဝယ်ပိုင်ဆိုင်ထားသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နေရပ်လိပ်စာ မှတ်တမ်းတင်ခိုင်းခြင်းသည် နည်းပညာပိုင်းဆိုင်ရာ တရားဝင် စောင့်ကြည့်ထိန်းချုပ်မှုဖြစ်ပြီး ၎င်းမှာ စစ်တပ်၏ ဒစ်ဂျစ်တယ်စောင့်ကြည့်ထိန်းချုပ်မှု ယန္တရားများနှင့် အလားတူသည့် ချဉ်းကပ်နည်း ဖြစ်နေသည်။[37] (အသေးစိတ်ကို ၃.၄ တွင် ကြည့်ပါ)

---

[36] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နုတ်ချက်)

[37] Starlink ကိစ္စနဲ့ ပြဿနာဖြစ်ပွားခဲ့တဲ့ PDF တပ်ဖွဲ့ဝင်တွေကို အရေးယူသွားမှာဖြစ်သလို ဆိုင်ဖွင့်သူတွေကို Starlink စည်းမျဉ်းစည်းကမ်းနဲ့အရေးယူမည်၊ မြေလတ်အသံ (အောက်တိုဘာလ ၂၀၂၅)

အခြားတဖက်တွင် တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများကို ဦးတည်ကာ အသက်အန္တရာယ် ခြိမ်းခြောက်ခြင်း၊ ဒေသတွင်းအာဏာပိုင်များမှ ၎င်းတို့ အလိုမရှိသော သတင်းများအား ပြန်လည်ဖျက်ချခိုင်းခြင်းနှင့် အွန်လိုင်းမှတဆင့် တိုက်ခိုက်ခြင်းများမှာ ပိုမိုကျယ်ပြန့်လာနေကြောင်း သုတေသနအင်တာဗျူးတွင် ပါဝင်ဖြေဆိုသူများက ဆိုသည်။ အွန်လိုင်းအကောင့်တုများ၊ အမည်မသိ ဖုန်းနံပါတ်များမှတဆင့် ခြိမ်းခြောက်ခံရသည့်အခါ ကျူးလွန်သူအား တိကျစွာဖော်ထုတ်ရန် အလွန်ပင်ခက်ခဲသည်။ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ အလွတ်တန်း အမျိုးသမီးသတင်းထောက်၏ ပြောဆိုချက်များအရ သူမ၏ လုပ်ဖော်ကိုင်ဖက်တဦးသည် သတင်းရေးသားမှုကြောင့် အွန်လိုင်းမှတဆင့် ခြိမ်းခြောက်စာများ လက်ခံရရှိခဲ့ပြီး တော်လှန်ရေးအင်အားစုများ၏ မကောင်းသတင်းများကို ရေးသားတင်ဆက်ခြင်း မပြုရန်နှင့် စစ်တပ်၏ကျူးလွန်မှုများကိုသာ သတင်းရေးသားရန် ဖိအားပေးမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ထို့နောက် သတင်းသမားများသည် ၎င်းတို့၏ အသက်အန္တရာယ်လုံခြုံရေးအတွက် စိုးရိမ်ရသဖြင့် အမည်ဝှက်များ (သို့မဟုတ်) ဆိုရှယ်မီဒီယာ အကောင့်တုများဖြင့်သာ သတင်းဖြန့်ဝေရပြီး ကိုယ်တိုင်ဆင်ဆာဖြတ်တောက်ခြင်း (Self-censorship) ကို ပြုလုပ်လာကြရသည်။[38]

> သတင်းသမားများသည် ၎င်းတို့၏ အသက်အန္တရာယ်လုံခြုံရေးအတွက် စိုးရိမ်ရသဖြင့် အမည်ဝှက်များ (သို့မဟုတ်) ဆိုရှယ်မီဒီယာ အကောင့်တုများဖြင့်သာ သတင်းဖြန့်ဝေရပြီး ကိုယ်တိုင်ဆင်ဆာဖြတ်တောက်ခြင်း (Self- censorship) ကို ပြုလုပ်လာကြရသည်။

ထို့အပြင် စိုးမိုးနယ်မြေ (သို့မဟုတ်) လွတ်မြောက်နယ်မြေများတွင် ဒလန်ဟု စွပ်စွဲခံရမည်ကို စိုးရိမ်ရသည့် လူမှုရေးဖိအားများရှိကြောင်း သုတေသနတွင် ပါဝင်သူများက ဖော်ပြသည်။

နိဂုံးချုပ်အနေဖြင့် အထက်တွင်ဖော်ပြခဲ့သော တရားဝင်ဖိနှိပ်မှုနှင့် တရားမဝင်ဖိနှိပ်မှု ပုံစံနှစ်မျိုးလုံးသည် ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ဖိနှိပ်၊ ကန့်သတ်နိုင်ရန် ရည်ရွယ်ချက် တခုတည်းကိုသာ ဦးတည်နေသည်ကို တွေ့ရှိရသည်။ နောက်ဆက်တွဲ အကျိုးဆက်များအနေဖြင့် စိုးမိုးနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်ကဏ္ဍသည် ယခင်ထက် ပို၍တင်းကြပ်လာပြီး ဒေသခံပြည်

[38] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ အလွတ်တန်း အမျိုးသမီးသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နှုတ်ချက်

သူများနှင့် မီဒီယာများမှ ၎င်းတို့ကိုယ်တိုင် ဆင်ဆာဖြတ်တောက်နေရသည့် အခြေအနေသို့ တဖြည်းဖြည်း ရောက်ရှိလာသည်။

သို့ရာတွင် ဤဖိနှိပ်မှုပုံစံသည် ဒေသတိုင်း တူညီသည်မဟုတ်ပါ။ သုတေသနအင်တာဗျူးတွင် ပါဝင်ခဲ့သည့် မန္တလေး ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူက စစ်ကိုင်းတိုင်းရှိ အခြားမြို့နယ်တခုတွင် ဆန္ဒပြပွဲကို ပသုံးလုံးနှင့်တပ်ရင်းက လုံခြုံရေးပေးခဲ့သည့် ဖြစ်ရပ်လည်း ရှိကြောင်း၊ သို့သော် ထိုဖြစ်စဉ်မှာ ရှားပါးသည်ဟုလည်း ဆိုသည်။ ၎င်းက စည်းကမ်းစနစ်ကျပြီး ကျင့်ဝတ် (COC) ပြည့်မီသော လက်နက်ကိုင်အဖွဲ့နှင့် ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးရှိသည့်မြို့နယ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အတိုင်းအတာတခုထိ ရှိသော်လည်း မရှိသည့်နေရာတွင် မရှိသည့်အပြင် ခြိမ်းခြောက်ခံရကြောင်း ဆိုပြီး ယေဘုယျအားဖြင့် “ကျွန်တော်အနေနဲ့ကတော့ ၁၀၀ မှာ ၃၀ တောင် မပြည့်ချင်ဘူးလို့ ပြောချင်တယ်” ဟု ကိုယ်ပိုင်အမြင်ဖြင့် အကဲဖြတ်သည်။[39] ထို့ကြောင့် ပြဿနာသည် တော်လှန်ရေးအဖွဲ့အားလုံး၏ မူဝါဒထက် ဒေသ၊ အဖွဲ့နှင့် ခေါင်းဆောင်အလိုက် ကျင့်သုံးမှုကွာခြားခြင်းမှ ပေါ်ပေါက်သည်ဟု သုံးသပ်နိုင်သည်။ ထို့အပြင် နယ်မြေခံသတင်းထောက်က “ကျွန်တော်တို့ တခုတော့ ကောင်းတာပေါ့နော် စစ်တပ်လောက်တော့ သတ်ဖြတ်လောက်တာမျိုးအထိတော့ မဖြစ်ဘူးပေါ့နော်။ ဒါပေမဲ့ စိုးရိမ်ရတယ်ဆိုတာ ရှိတယ်”[40] ဟု လည်းကောင်း၊ အမျိုးသမီး အလွတ်တန်းသတင်းထောက်က “စစ်ကောင်စီလောက်တော့ မဆိုးသေးဘူးပေါ့နော်။ ထိန်းချုပ်တယ်ဆိုတာထက်ကို ကန့်သတ်တဲ့အပိုင်းတွေက ရှိနေတာပဲ။”[41] ဟုဆိုခြင်းမှာ အာဏာသိမ်းစစ်တပ်နှင့် အတိုင်းအတာ ကွာခြားကြောင်းကို ပါဝင်သူများကိုယ်တိုင် အသိအမှတ်ပြုထားခြင်း ဖြစ်သည်။

၄.၂။ တော်လှန်ရေးလက်နက်ကိုင် တပ်ဖွဲ့များ၏ အကြောင်းပြချက်များ

ဝေဖန်ထောက်ပြမှုများကို ပိတ်ပင်ကန့်သတ်နိုင်ရန် တော်လှန်ရေးအဖွဲ့အစည်းများ အသုံးပြုလေ့ရှိသည့် အကြောင်းပြချက်များသည် ပုံသဏ္ဌာန်ကွဲပြားမှုမရှိသည်ကိုတွေ့ရသည်။ အဓိကဇာတ်ကြောင်းနှင့် အကြောင်းပြချက်များမှာ တော်လှန်ရေးကို ထိခိုက်စေသည် သို့မဟုတ် ရန်သူ (စစ်တပ်) ကို ဝမ်းသာအောင် လုပ်ပေးခြင်း ဟူသော အချက်များပင် ဖြစ်သည်။ ထိုအကြောင်းပြချက်များသည် ဝေဖန်ချက်တခု၏ အကြောင်းအရာ ကို စိစစ်ခြင်းထက်၊ ဝေဖန်ပြောဆိုသူ၏ ရည်ရွယ်ချက်ကို လိုသလို ကောက်ချက်ချကာ သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ဝေဖန်ထောက်ပြချက် မှန်ခြင်း၊ မှားခြင်းသည် အဓိကမကျဘဲ၊ တော်လှန်ရေးအင်အားစု အဖွဲ့ဝင်များအပေါ် ဝေဖန်မှုလုပ်ဆောင်ခြင်းကပင် ယခုတော်လှန်ရေးကာလအတွင်း လုပ်ဆောင်ရန်မသင့်တော်သည့် ဇာတ်ကြောင်းကို ပုံဖော်နေသည်ဟူ၍ နားလည်နိုင်သည်။ အမျိုးသမီး သတင်းထောက်က ယခုကဲ့သို့ ထောက်ပြဆွေးနွေးထားသည်။

---

[39] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ မန္တလေးကြားကာလ အုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နှုတ်ချက်

[40] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နှုတ်ချက်

[41] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ အလွတ်တန်း အမျိုးသမီးသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နှုတ်ချက်

"media ကိုဆိုလည်း အာဏာသိမ်းပြီးနောက်ပိုင်းမှာ ဘယ်လိုအခြေအနေ ဖြစ်လာလည်းဆိုတော့ media ကို သူတို့က တော်လှန်ရေးအတွက် ဘာညာဆိုပြီးတော့ အဲ့လိုမျိုးအမြင်နဲ့ပဲ မြင်သွားတာကို ဘာလိုလဲဆိုတော့ စစ်တပ်အကြောင်းတွေရေးတယ် ပြည်သူတွေ ဖိနှိပ်ခံရတဲ့အကြောင်းတွေ ရေးတယ် ဆိုတော့ နောက်ပိုင်းကျတော့လည်း အဲ့လိုအမြင်မျိုးက ဆက်ရှိသွားတာပေါ့နော်။ media က တော်လှန်ရေးအတွက်ဖြစ်ရမယ်တို့ အဲ့လိုအမြင်တွေနဲ့ပဲ မြင်သွားတော့လေ media ကဘယ်လိုမျိုး ရပ်တည်ရလဲ media ရဲ့အလုပ်က ဘယ်လိုမျိုးဆိုတာမျိုးကို သူတို့အနေနဲ့ အဲ့အမြင်ပျောက်သွားတာပေါ့။ အဓိကတော့ စစ်ရေး၊ လုံခြုံရေးတို့ တချို့ဟာတွေကျတော့ မရေးနဲ့ဆိုတာထက် တခါတလေကျရင် သူတို့သတင်းကို ပြောကိုမပြောဘူးပေါ့။ အဲ့လိုမျိုး အခြေအနေတွေတောင်ရှိတယ် မရေးနဲ့လို့ ကန့်သတ်တာပြောတာထက်ကို အဓိကတော့ လုံခြုံရေးကို အကြောင်းပြတာများပါတယ်။ စစ်ရေး၊ လုံခြုံရေးကို ဖုံးကြဲခံထိမှာဆိုးတာတွေ နောက်တခုကကျတော့ တော်လှန်ရေးကို အကြောင်းပြတဲ့ဟာမျိုး။ တော်လှန်ရေး ထိခိုက်မှာဆိုလို့ အခုကတော့ မပြောပါနဲ့အုံးတို့ ကိုယ်အဖွဲ့အစည်းအချင်းချင်းပဲ ရှင်းမယ်တို့ အဖွဲ့အစည်းထဲ အရင်ရှင်းရမယ် အခြားသူတွေ ပြည်သူတွေ အားလျော့သွားမှာဆိုလိုတို့ အဲ့လိုမျိုး အကြောင်းပြချက်တွေကတော့ ရှိတာပေါ့။" [42]

အင်တာဗျူးတွင် ပါဝင်ခဲ့သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရေး လှုပ်ရှားလုပ်ဆောင်သူကလည်း စစ်ရေးအရ အသာစီးရနိုင်ရန်သာ ဦးစားပေးနေခြင်းက ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်စေကြောင်း ယခုလို ဆွေးနွေးသုံးသပ်ထားသည်။

"သက်ဆိုင်ရာအဖွဲ့တွေရဲ့ လုံခြုံရေးနှင့်စစ်ရေးအရကို ဦးစားပေးတယ်ဆိုတာ ထင်ထင်ရှားရှား ကျွန်တော်တို့ တွေ့ရတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဒီလိုမျိုးနဲ့ ယှဉ်လာလို့ရှိရင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လျစ်လျူရှုလိုက်ပြီးတော့၊ တော်လှန်ရေးကာလ ဖြစ်တယ်၊ တော်လှန်ရေးက ပိုပြီးတော့ အရေးကြီးတယ်ဆိုပြီးတော့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့၊ ဒီ တခြားအခွင့်အရေးတွေက တော်လှန်ရေးအောင်မှ လုပ်ရမယ်ဆိုတဲ့ဟာကလည်း ကြီးကြီးမားမားရှိနေတာကို ကျွန်တော်တို့ တွေ့ရတယ်။ အနှစ်ချုပ်အနေနဲ့ တချို့ဒေသတွေကတော့ ဒါကို လေးစားမှုက မရှိသလောက် ဖြစ်တယ်။ တချို့ဒေသတွေက ဒါကို သိတယ်၊ နားလည်တယ်။ ဒါပေမဲ့ ခဏကပြောတဲ့ စစ်ရေးအရမှာတော့ ဒါကို ဒုတိယတန်းမှာ ထားချင်တယ်ပေါ့။" [43]

---

[42] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ အလွတ်တန်း အမျိုးသမီးသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

[43] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး လှုပ်ရှားလုပ်ဆောင်သူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

သူက ကြေညာချက်များနှင့် လက်တွေ့ကျင့်သုံးမှုအကြား ကွာဟချက်ကိုလည်း ထောက်ပြသည်။ "ဒါက စာရွက်ပေါ်မှာပဲ ရှိနေတဲ့ အခြေအနေတခုပါပဲ။ ကျွန်တော်တို့က ကျေနပ်လို့မရဘူး။" ဟု ဆိုသည်။ ၎င်းက ကရင်နီ၊ ကရင်၊ စစ်ကိုင်းဒေသအချို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နားလည်သည့်အဖွဲ့များ ရှိကြောင်းလည်း အသိအမှတ်ပြုသည်။ ထို့ကြောင့် အကြောင်းပြချက်များသည် လက်နက်ကိုင်အဖွဲ့အားလုံး၏ တူညီသော မူဝါဒမဟုတ်ဘဲ စစ်ရေးဖိအားအောက်တွင် ဒုတိယတန်းချထားသည့် ရွေးချယ်မှုဖြစ်သည်ဟု ဆန်းစစ်နိုင်သည်။ NUG လူ့အခွင့်အရေးဝန်ကြီးဌာနကမူ NUG ကို ဝေဖန်ခြင်းကို တားမြစ်သည့် မူဝါဒမရှိဟု ဆိုသည်။[44]

> အရေးပေါ်အခြေအနေများတွင်ပင် ကန့်သတ်ချက်တခုသည် ဥပဒေ/စည်းမျဉ်းဖြင့် ပြဋ္ဌာန်းထားခြင်း၊ တရားဝင်ရည်ရွယ်ချက်ရှိခြင်း၊ လိုအပ်ချက်နှင့် အချိုးညီခြင်းဟူသော စံနှုန်းများနှင့် ကိုက်ညီရမည် ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့ အခြေခံအကာအကွယ်ရသင့်သော အခွင့်အရေးများကိုမူ စစ်ရေးဖိအားကို အကြောင်းပြ၍ ချိုးဖောက်ခွင့်မရှိပေ။

တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များသည် အကြမ်းဖက်စစ်တပ်၏ အဆက်မပြတ် ပြင်းထန်လှသော လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်စစ်ကြောင်းထိုးမှုများအောက်တွင် အသက်အန္တရာယ်နှင့် နယ်မြေလက်လွှတ်ရမည့် စိန်ခေါ်မှု ကြီးမားလှသော စစ်ရေးဖိအားများကို နေ့စဉ်ရင်ဆိုင်နေရသည်။ သို့သော် အရေးပေါ်အခြေအနေများတွင်ပင် ကန့်သတ်ချက်တခုသည် ဥပဒေ/စည်းမျဉ်းဖြင့် ပြဋ္ဌာန်းထားခြင်း၊ တရားဝင် ရည်ရွယ်ချက်ရှိခြင်း၊ လိုအပ်ချက်နှင့် အချိုးညီခြင်းဟူသော စံနှုန်းများနှင့် ကိုက်ညီရမည် ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့ အခြေခံအကာအကွယ် ရသင့်သော အခွင့်အရေးများကိုမူ စစ်ရေးဖိအားကို အကြောင်းပြ၍ ချိုးဖောက်ခွင့်မရှိပေ။

ဤအကြောင်းပြချက်နှင့် ဇာတ်ကြောင်းများသည် တော်လှန်ရေး၌ ပါဝင်နေသော အဖွဲ့အစည်းများနှင့် လက်နက်ကိုင်တပ်ဖွဲ့များအားလုံးမှ သဘောတူချမှတ်ထားသည့် သဘောထားမဟုတ်ဘဲ၊ မတူညီသော အဖွဲ့အစည်းများအကြား ဗဟိုနှင့် ဒေသန္တရအဆင့်ကြား ကျင့်ဝတ်စံနှုန်းများကို လက်တွေ့ကျင့်သုံးရာ၌ ဖြစ်ပေါ်လာသည့် မူဝါဒနှင့် လက်တွေ့လုပ်ဆောင်ချက်များကြားမှ ကွာဟချက်တခုအဖြစ် တွေ့ရှိရသည်။

44 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ NUG ၏ ယခင်လူ့အခွင့်အရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

၄.၃။ လက်တွေ့တာဝန်ယူမှု အခြေအနေနှင့် အုပ်ချုပ်ရေးအကျပ်အတည်း

သုတေသန၏ လေ့လာတွေ့ရှိချက်များအရ စိုးမိုးနယ်မြေများတွင် တရားဥပဒေစိုးမိုးရေးနှင့် တာဝန်ခံမှု ယန္တရားများမှာ တော်လှန်ရေးကာလ (၅) နှစ်ကျော်သည်အထိ အားနည်းနေဆဲပင် ဖြစ်သည်။ ဒီမိုကရေစီ၏ အနှစ်သာရသည် အုပ်ချုပ်သူအာဏာပိုင်များကို ဝေဖန်နိုင်ခြင်း ဖြစ်သော်လည်း လက်ရှိတွင် ဝေဖန်မှုများသည် အသုံးဝင်သော အကြံပြုချက်များအဖြစ် ရှုမြင်ကာ လက်ခံဆွေးနွေးခြင်း မရှိဘဲ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်သည့် အန္တရာယ်တခုအဖြစ် ရှုမြင်ခံနေကြသည်။

၂၅ - ၃၀%

ကိုင်တွယ်ဖြေရှင်းနိုင်သောအမှု

မန္တလေးကြားကာလ အုပ်ချုပ်ရေးကောင်စီ တာဝန်ရှိသူ၏ အကဲဖြတ်ချက်

၃၀% အောက်

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အတိုင်းအတာ

တာဝန်ရှိသူ၏ ကိုယ်ပိုင်အမြင် (၄.၁)

၅၆%

ယမန်နှစ် ဖြေရှင်းနိုင်သည်ဟု NUG ဘက်ကဆို

လွတ်လပ်စွာ အတည်မပြုနိုင်သေး

အင်တာဗျူးတွင်ပါဝင်ခဲ့သည့် နယ်မြေခံ သတင်းသမားက

“တချို့ကိစ္စတွေဆိုရင် တိုင်ဖို့ပြုဖို့ရန်အတွက် နေရာကို ရှာရခက်တယ်ပေါ့နော် ဘယ်မှာသွားတိုင်လို့ တိုင်ရမှန်းမသိဘူး”[45] ဟု ဆိုသည်။

အမျိုးသား ညီညွတ်ရေးအစိုးရ NUG ဘက်တွင် ဝန်ကြီးဌာနပေါင်းစုံပါဝင်သော တိုင်ကြားစာဖဟို ကော်မတီ တခုရှိသော်လည်း ၎င်းသည် လူထုက အလွယ်တကူ လက်လှမ်းမီနိုင်ခြင်းမရှိကြောင်း NUG ၏ ယခင် လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူကဆိုသည်။[46] တိုင်ကြားလိုသူများသည် ဝန်ကြီးဌာနများ၊ Facebook ထိပ်တွင်တွဲထားသောပို့စ်၊ Telegram၊ Viber၊ ဝက်ဘ်ဆိုက်နှင့် မြို့နယ်အဆင့် လူ့အခွင့်အရေး အရာရှိများမှတဆင့် တိုင်ကြားရကြောင်း၊ ထိုတိုင်ကြားစာများကို ဝန်ကြီးဌာနများက ကော်မတီသို့တင်ပြပြီး အမှုများကို (၃) လနှင့် (၆) လကျော် ကြန့်ကြာမှုအလိုက် ဆက်လက်စောင့်ကြည့်သည်ဟု ရှင်းပြသည်။ ၎င်းက ယမန်နှစ်က (၅၆%) ကျော် ဖြေရှင်းနိုင်သည်ဟု ဆိုသော်လည်း ထိုကိန်းဂဏန်းကို ဤစာတမ်းက လွတ်လပ်စွာ အတည်မပြုနိုင်သေးပါ။

45 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံသတင်းထောက်နှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

46 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ NUG ၏ ယခင်လူ့အခွင့်အရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

> *"ဒီမှာတခုကတော့ ဘာလဲဆိုတော့ တိုင်လိုက်တာနဲ့ ပြီးသွားတာပါပဲကွာ ဘာမှမထူးပါဘူးဆိုတဲ့ အနေထားမျိုး ဖြစ်စဉ်မျိုးကအစ ပြည်သူကယုံနေတဲ့ တကယ်လည်းခံစားနေရတာကို အဲ့လိုမျိုးရှိတယ်။ ဒါပေမဲ့ ဒီတိုင်စာ ရောက်လိုက်တာနဲ့မှန်သမျှသည် လက်ရှိအခြေအနေမှာတောင်မှ အရေးယူနိုင်မှု မရှိသေးဘူးဆိုရင်တောင်မှ ဒီတိုင်ကြားမှုတွေသည် တရားမမျှတမှုတွေသည် လူ့အခွင့်ရေးချိုးဖောက်မှုတွေသည် ပျောက်ပျက်သွားမှာ မဟုတ်ဘူး။ ဒီဟာတွေသည် စနစ်တကျနဲ့ မှတ်တမ်းတင်ထားတဲ့ အနေအထားမျိုးရှိတယ် ဒါတွေကို လက်ခံဖြေရှင်းနိုင်တဲ့ အချိန်တခု ရောက်တယ်ဆိုရင်တော့ ဒီဟာတွေသည် သူ့ဟာနဲ့သူ တရားမျှတမှုရအောင် ဆောင်ရွက်သွားမဲ့ အနေအထားရှိတယ်ပေ့ါ။"*[47]

သုတေသနအင်တာဗျူးများတွင် ပါဝင်ဖြေဆိုကြသည့် ဒေသခံသတင်းထောက်၏ ပြောဆိုချက်ဖြစ်သည့် တိုင်ကြားရန် သီးသန့်ယန္တရားမရှိခြင်း၊ မန္တလေး ကြားကာလအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူတဦး၏ ပြောဆိုချက်ဖြစ်သည့် NUG ဘက်တွင် ယန္တရားများရှိသော်လည်း အောက်ခြေ အသိပညာပေးအားနည်းခြင်းနှင့် NUG လူ့အခွင့်အရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့၏ ပြောကြားချက်များကို ဆက်စပ်ကြည့်လျှင် တိုင်ကြားမှုယန္တရားသည် အဆောက်အအုံအရ (Institutional Level) တည်ရှိသော်လည်း ဒေသခံပြည်သူလူထုအထိ (Grassroots Level) လက်လှမ်းမီရန် အားနည်းနေကြောင်း တွေ့ရှိရသည်။ မန္တလေးကြားကာလ အုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူက "တကယ်အောက်ခြေ ပြည်သူလူထုကြားမှာ ဒါတွေရှိတယ်ဆိုတာကို ကောင်းကောင်း advocacy/ awareness ပေးတာက ကျွန်တော်တို့အားနည်းတယ်" ဟုဆိုပြီး "ကိုင်တွယ်ဖြေရှင်းပေးနိုင်မှုက အမှုပေါင်း (၁၀၀) မှာ ဆိုလို့ရှိရင် (၂၅-၃၀) လောက်ပဲလို့ ကျွန်တော်က မြင်တယ်" ဟု အကဲဖြတ်သည်။

ဤအချက်သည် စိုးမိုးနယ်မြေများ၌ ထုတ်ပြန်ထားသည့် မူဝါဒများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် မြေပြင်လက်တွေ့ကျင့်သုံးမှုကြားမှ ကွာဟချက်၏ ထင်ရှားသော သာဓကတခု ဖြစ်သည်။ ရပ်ကျေးတချို့မှလွဲ၍ NUG ၏ စိုးမိုးနယ်မြေများ၌ အုပ်ချုပ်ရေးနှင့် ဆက်စပ်သည့် ကဏ္ဍများကို တာဝန်ယူထားသူ အများစုမှာ ဒေသခံ ပြည်သူလူထုမှ ရွေးချယ် တင်မြှောက်ထားသူများ မဟုတ်ဘဲ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ တိုက်ရိုက်ခန့်အပ်ထားသူများ ဖြစ်ကြသည်။[48] ဤအချက်သည် တော်လှန်ရေးကာလ ကြာရှည်လာသည်နှင့်အမျှ ဒေသခံပြည်သူလူထုနှင့် အုပ်ချုပ်သူများအကြား ပွတ်တိုက်မှုများဖြစ်စေကာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေကြောင်း မန္တလေးကြားကာလ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်တဦးမှ သူမ၏ ထင်မြင်ယူဆချက်ကို ယခုကဲ့သို့ သုံးသပ်ဆွေးနွေးထားသည်။

47 အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ NUG ၏ ယခင်လူ့အခွင့်အရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နှုတ်ချက်
48 https://ggr.hias.hit-u.ac.jp/en/2026/06/12/the-state-of-local-governance-in-nug-controlled-sagaing/

"တချို့မြို့နယ်တွေမှာတော့ ရပ်ကျေးအဆင့်ကို လူထုက ရွေးချယ်တာတွေရှိတယ်။ သို့သော် များသော အားဖြင့်က မြို့နယ်အဆင့်အုပ်ချုပ်ရေးတို့ ခရိုင်အဆင့်အုပ်ချုပ်ရေးတို့ တိုင်းအဆင့်အုပ်ချုပ်ရေးတို့ ကျ ပြည်သူလူထုက elected မဟုတ်ဘူး။ မဲပေးပြီးရွေးတာ မဟုတ်ဘူး။ selected ဗျ။ အထက်ကနေ NUG က တိုက်ရိုက်ခန့်အပ်တာပေါ့။ အရင် ဒီမိုကရေစီခေတ်တုန်းကဆိုရင် သက်တမ်းရှိတယ်လေ အုပ်ချုပ်ရေးဆိုလည်း အုပ်ချုပ်ရေးသက်တမ်းရှိတယ်။ အဲ့သက်တမ်းပြီးလို့ရှိရင် ပြည်သူက ပြန်ရွေး ချယ်ဆိုတာမျိုး အခုကျတော့ ကျွန်တော်တို့က တချို့ရပ်ကျေးကလွဲရင် လူထုကရွေးချယ်တဲ့သူ မဟုတ် တဲ့အခါကြတော့ ကိုယ်ကိုမေ့နေတာပေါ့နော်။ ငါတို့သည် လူထုအတွက် အလုပ်အကျွေးပြုရမယ်ဆို တာကို မေ့နေပြီးတော့ အာဏာရှင်ဆန်တဲ့ဟာတွေ ရှိလာတာ။ ပြီးတော့ အုပ်ချုပ်ရေးမှာဆိုရင်လည်း ဒီမဲပေးစနစ်တွေ မရှိတဲ့အခါကြတော့ ဒါတွေက ပိုဆိုးစေတယ်လို့ မြင်တယ်၊ သူတို့အာဏာက အကန့် အသတ် မရှိနေတာပေါ့။ ၅ နှစ်ပြီးရင်ပြီးမယ်ဆိုတဲ့ဟာမျိုး မရှိတော့ကျ အကန့်အသတ်မရှိတဲ့အခါ ကြတော့ အာဏာက ဆက်လက်ပြီးတော့ သူတို့လက်ထဲမှာပဲ နှစ်ပေါင်းများစွာ ရှိနေတဲ့အခါကြတော့ ဒါသည် ငါ့ရှိရမဲ့နေရာ ငါ့ထိုင်ခုံသည် ငါ့အမြဲထိုင်ရမဲ့နေရာလို့ ယူဆလာတာပေါ့။" [49]

ပြစ်မှုတခု (သို့မဟုတ်) ပဋိပက္ခဖြစ်စဉ်တခု၌ ကျူးလွန်သူသည် ဒေသတွင်းမှ အာဏာပိုင်အဖွဲ့ဝင်၊ တပ်ရင်း တပ်ဖွဲ့ဝင် (သို့မဟုတ်) ဖော်ပြပါ အဖွဲ့ဝင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသူတဦး ဖြစ်ပြီး ကျူးလွန်ခံရသူသည် ဒေသခံ ပြည်သူဖြစ်နေပါက တာဝန်ရှိသူများမှ ၎င်းအမှုအား ကိုင်တွယ်ဖြေရှင်းရာ၌ ဘက်လိုက်ခြင်း၊ တရားမျှတမှု မရှိ ခြင်းများလည်း ရှိနေကြောင်း တွေ့ရှိရသည်။

ကျူးလွန်သူသည် အာဏာပိုင်ယန္တရားမှဖြစ်ပါက အမှုမဖွင့်ရန်နှင့် ငွေသားဖြင့်ကြေလည်ရန် ဖိအားပေးသည့် ဖြစ်ရပ်များရှိကြောင်း ၎င်းကဆိုပြီး "ကျူးလွန်ခံရသူ အရပ်သားဖြစ်နေခဲ့မယ်ဆိုရင် တချို့ဟာတွေမှာကြတော့ ဘယ် လောက်ထိဆိုးလဲဆို အမှုမဖွင့်ပါနဲ့ ငွေသားဘယ်လောက်နဲ့ပဲ ကြေလည်လိုက်ရအောင်ပေါ့။ ဒါကြီးက အမှုကျယ်သွား ရင် ပြည်သူလူထုက တော်လှန်ရေးအပေါ်မှာ စိတ်ပျက်သွားမယ်။ ဒီလိုမျိုးဖြစ်နေတာတွေကြားလို့ရှိရင် လူထုက တော် လှန်ရေးအပေါ်မှာ စိတ်ပျက်သွားပြီးတော့ ထပ်ပြီး မပါဝင်မှာစိုးတယ်။ ဒါသည် စစ်တပ်က ဝမ်းသာစရာဖြစ်တယ်ပေါ့။ ဒီသတင်းတွေကို လိုင်းပေါ် မတင်ပဲနေရအောင်ပေါ့"[50] ဟု ဆိုသည်။ ထို့အပြင် တိုင်ကြားသူများ ခြိမ်းခြောက်ခံရခြင်း များလည်းရှိနေပြီး ကျူးလွန်သူသည် ရဲဘော်ဖြစ်ပါက အမှုကိုအရေးမယူဘဲ လျှော့ပေါ့ထားသည်ဟု နယ်မြေခံ တက်ကြွ လှုပ်ရှားသူကလည်း ထပ်လောင်းပြောကြားသည်။[51]

---

[49] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ မန္တလေးကြားကာလ အုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

[50] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ မန္တလေးကြားကာလ အုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

[51] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ နယ်မြေခံတက်ကြွ လှုပ်ရှားသူနှင့် အင်တာဗျူးမှ ကောက်နုတ်ချက်

“သူတို့မြင်တဲ့အမြင်က ဒီလိုမျိုးကျူးလွန်မှုက အရေးမကြီးဘူး ဒီကာလမှာ။ဒါက ပထမ ဦးစားပေး မဟုတ်ဘူး။ နောက်တခုက ကျူးလွန်တဲ့ရဲဘော်သည် တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေတာ ဖြစ်တယ်။ သူတို့တပ်ဖွဲ့အတွက် အားကိုးရတဲ့သူဖြစ်တယ်။ ဒီလိုမျိုးလူမို့ ဒါတွေက နောက်မှ ဖြေရှင်းလို့ ရနိုင်တယ်ဆိုလို့ ကျွန်တော်တော့ မလေးစားတာလို့ မြင်တယ်ပေါ့။” ဟုဆိုပြီး “မုဒိမ်းမှုသည် ငွေဒဏ်နဲ့ ပြီးနိုင်တယ် ပြီးသွားအေးရောဆိုတဲ့ ပုံစံမျိုး” ဟူသော ဖိအားမျိုးကြုံရကြောင်း ပြောသည်။

ထို့ကြောင့် ကျား-မ အခြေပြု အကြမ်းဖက်မှုအမှုများတွင် တော်လှန်ရေးအတွက် လိုအပ်သူဟူသည့် အကြောင်း ပြချက်သည် တာဝန်ခံမှုကို နောက်ဆုတ်ပေးသည့် ပုံစံအဖြစ် ပေါ်လွင်သည်။

၄.၄။ နိုင်ငံတကာစံနှုန်းဖြင့် ဆန်းစစ်ချက်နှင့် အချိုးအစားဆိုင်ရာ မှတ်ချက်

၄.၄.၁။ အသုံးပြုသည့်စံနှုန်းများနှင့် တော်လှန်ရေးအင်အားစုများအပေါ် သက်ဆိုင်ပုံ

မြန်မာနိုင်ငံသည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) ကို အတည်မပြုရသေးပါ။ သို့သော် ICCPR အပိုဒ် (၁၉) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၏ အထွေထွေမှတ်ချက် အမှတ် (၃၄) (General Comment No. 34, 2011) တို့သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကန့်သတ်ချက်များကို ဆန်းစစ်ရာတွင် နိုင်ငံတကာ၌ အကျယ်ပြန့်ဆုံး အသုံးပြုသောစံနှုန်းများ ဖြစ်သည်။

ဤသုတေသနတွင် ယင်းစံနှုန်းများကို တော်လှန်ရေးအင်အားစုများအပေါ် အသုံးချရသည့် အကြောင်းရင်း (၃) ခု ရှိသည်။

အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်။ နယ်မြေနှင့်လူဦးရေကို ထိရောက်စွာထိန်းချုပ်ထားပြီး အစိုးရကဲ့သို့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် အခွန်ကောက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ ထိန်းချုပ်ထားသောလူထု၏ လူ့အခွင့်အရေးများကို လေးစားရမည်ဟု ကုလသမဂ္ဂယန္တရားများက အကြိမ်ကြိမ် သတ်မှတ်ထားသည်။

ကိုယ်ပိုင်ကတိကဝတ်များ။ NUG နှင့် တော်လှန်ရေးအင်အားစုများကိုယ်တိုင် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာမည်ဟု ကတိပြုထားသည်။

နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ (IHL)။ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဂျနီဗာ သဘောတူစာချုပ်များ၏ အဖွဲ့ဝင်ဖြစ်သည်။ ယင်းစာချုပ်များ၏ ဘုံအပိုဒ် (၃) (Common Article 3) သည် နိုင်ငံမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များအပါအဝင် ပဋိပက္ခတွင် ပါဝင်သူအားလုံးကို တိုက်ရိုက် ချည်နှောင်ထားပြီး ထိန်းသိမ်းထားသူများကို လူသားဆန်စွာဆက်ဆံရန်နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်စွာဆက်ဆံခြင်းနှင့် လူ့ဂုဏ်သိက္ခာကို ချိုးနှိမ်ခြင်းတို့ကို တားမြစ်ထားသည်။ ထို့ပြင် ဓလေ့ထုံးတမ်းဆိုင်ရာ IHL စည်းမျဉ်း (၃၄) အရ ပဋိပက္ခဒေသတွင် တာဝန်ထမ်းဆောင်နေသော အရပ်သား သတင်းသမားများကို လေးစားကာကွယ်ရမည် ဖြစ်သည်။

၄.၄.၂။ ICCPR အပိုဒ် ၁၉ နှင့် ကန့်သတ်ချက်ဆိုင်ရာ စည်းမျဉ်းများ

ICCPR အပိုဒ် ၁၉(၁) အရ မည်သူမဆို ထင်မြင်ယူဆချက် ကိုင်ဆောင်ခွင့်ကို မည်သည့် ကန့်သတ်ချက်မျှ မထားရှိရပါ။ အပိုဒ် ၁၉(၂) အရ အင်တာနက်အပါအဝင် မည်သည့်မီဒီယာမဆိုတွင်မဆို သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ ရယူခွင့်နှင့် ဖြန့်ဝေခွင့် ရှိသည်။

စံနှုန်းသုံးရပ် (Three-part Test)။ အပိုဒ် ၁၉(၃) အရ ဤအခွင့်အရေးကို ကန့်သတ်နိုင်သော်လည်း ကန့်သတ်ချက်တိုင်းသည် အောက်ပါစံနှုန်း (၃) ရပ်စလုံးနှင့် ကိုက်ညီရမည် ဖြစ်သည်။ ကန့်သတ်ချက် ကိုက်ညီကြောင်း သက်သေပြရမည့်တာဝန်မှာ အာဏာပိုင်ထံတွင် ရှိသည်။

> **ဥပဒေဖြင့် ပြဋ္ဌာန်းထားရမည်။** ကန့်သတ်ချက်သည် အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ထားသောဥပဒေ သို့မဟုတ် စည်းမျဉ်း ဖြစ်ရမည်။ လူတဦးချင်း မိမိအပြုအမူကို ချိန်ညှိနိုင်လောက်အောင် တိကျရှင်းလင်းရမည်ဖြစ်ပြီး အကောင်အထည်ဖော်သူများကို အကန့်အသတ်မဲ့ ဆုံးဖြတ်ခွင့် မပေးရပါ (GC34 စာပိုဒ် ၂၅)။

> **တရားဝင်ရည်ရွယ်ချက် ရှိရမည်။** အခြားသူများ၏ လူ့ရပိုင်ခွင့် သို့မဟုတ် ဂုဏ်သိက္ခာကို လေးစားရန်၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ အေးချမ်းသာယာရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားကို ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်များထဲမှ တခု ဖြစ်ရမည်။ ဤစာရင်းသည် ပြည့်စုံပြီးဖြစ်၍ “တော်လှန်ရေးပုံရိပ်ကို ကာကွယ်ရန်” သို့မဟုတ် “စည်းလုံးညီညွတ်ရေး” ကဲ့သို့သော ရည်ရွယ်ချက်များ မပါဝင်ပါ။

လိုအပ်ပြီး အချိုးညီရမည်။ ကန့်သတ်ချက်သည် ရည်ရွယ်ချက်ပြည့်မီရန် အမှန်တကယ် လိုအပ်ရမည်ဖြစ်ပြီး ရရှိနိုင်သော နည်းလမ်းများထဲတွင် အနည်းဆုံး ထိခိုက်စေသော နည်းလမ်းဖြစ်ရမည် (GC34 စာပိုဒ် ၃၄)။ အမျိုးသားလုံခြုံရေးကို အကြောင်းပြပါက ခြိမ်းခြောက်မှု၏ သဘောသဘာဝကို တိကျစွာ ပြသရမည်ဖြစ်ပြီး ထုတ်ဖော်ပြောဆိုမှုနှင့် ခြိမ်းခြောက်မှုကြား တိုက်ရိုက်ဆက်စပ်မှုကို သက်သေပြရမည် (GC34 စာပိုဒ် ၃၅)။

မည်သည့် အကြောင်းပြချက်ဖြင့်မျှ တရားဝင်နိုင်ခြင်းမရှိသော လုပ်ရပ်များ။ အထွေထွေမှတ်ချက် အမှတ် ၃၄ အရ အောက်ပါလုပ်ရပ်များသည် စံနှုန်းသုံးရပ်ဖြင့် ချိန်ဆရန်ပင်မလိုဘဲ အပိုဒ် (၁၉) ကို ချိုးဖောက်သည်။

- ❌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကြောင့် တဦးတယောက်ကို မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်ခြင်းနှင့် သတ်ဖြတ်ခြင်း။ သတင်းသမားများသည် ဤကဲ့သို့ တိုက်ခိုက်မှုများကို မကြာခဏခံရပြီး ယင်းတိုက်ခိုက်မှုများကို အချိန်မီစုံစမ်းစစ်ဆေးရမည် (စာပိုဒ် ၂၃)။

- ❌ အစိုးရကိုဝေဖန်သောကြောင့် မီဒီယာ သို့မဟုတ် သတင်းသမားကိုအပြစ်ပေးခြင်း (စာပိုဒ် ၄၂)။

- ❌ အမျိုးသားလုံခြုံရေးဥပဒေများကိုအသုံးပြု၍လုံခြုံရေးကိုမထိခိုက်သောအများပြည်သူအကျိုးစီးပွားဆိုင်ရာ သတင်းအချက်အလက်များကို ဖုံးကွယ်ခြင်း သို့မဟုတ် ယင်းသတင်းများကို ဖြန့်ဝေသော သတင်းသမားများကို တရားစွဲခြင်း (စာပိုဒ် ၃၀)။

- ❌ သတင်းသမားများကို ယေဘုယျမှတ်ပုံတင်စနစ် သို့မဟုတ် လိုင်စင်စနစ်ဖြင့် ထိန်းချုပ်ခြင်း (စာပိုဒ် ၄၄)။

အရေးပေါ်အခြေအနေ။ ICCPR အပိုဒ် (၄) အရ အမျိုးသား အရေးပေါ်အခြေအနေတွင် အခွင့်အရေးအချို့ကို ယာယီ ဆိုင်းငံ့နိုင်သော်လည်း အခြေအနေအရ မဖြစ်မနေလိုအပ်သည့် အတိုင်းအတာအထိသာ ပြုလုပ်နိုင်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းမှကင်းလွတ်ခွင့် (အပိုဒ် ၇) သည် မည်သည့် အခြေအနေတွင်မဆို ဆိုင်းငံ့၍မရသော အခွင့်အရေးဖြစ် သည်။ မတရားထိန်းသိမ်းခြင်းကိုလည်း အရေးပေါ် အခြေအနေကို အကြောင်းပြ၍ တရားဝင်အောင် ပြုလုပ်၍မရပါ (အထွေထွေမှတ်ချက် အမှတ် ၂၉)။

အင်တာနက်နှင့် ကိုယ်ရေးအချက်အလက်။ ဝက်ဘ်ဆိုက်များ၊ ဆက်သွယ်ရေး ကွန်ရက်များအပေါ် ကန့်သတ်ချက်များသည် အကြောင်းအရာ တခုချင်းအလိုက် သတ်မှတ်ထားရမည်ဖြစ်ပြီး ယေဘုယျ ပိတ်ပင်ချက်များသည် အပိုဒ် ၁၉(၃) နှင့်မကိုက်ညီပါ (GC34 စာပိုဒ် ၄၃)။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၃၂/၁၃ (၂၀၁၆) သည် အွန်လိုင်း သတင်းအချက်အလက် ရယူခွင့်ကို ရည်ရွယ်ချက်ရှိရှိ ပိတ်ဆို့ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းကို ပြင်းထန်စွာ ရှုတ်ချထားသည်။ ထို့ပြင် သုံးစွဲသူများ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာကို စုဆောင်းခြင်းသည် ကိုယ်ရေးကိုယ်တာ လုံခြုံခွင့် (ICCPR အပိုဒ် ၁၇) ကို ထိခိုက်သောကြောင့် ဥပဒေနှင့်အညီ၊ လိုအပ်ချက်နှင့် အချိုးညီစွာသာ ပြုလုပ်ရမည် ဖြစ်သည်။

၄.၄.၃။ ဖြစ်စဉ်များအပေါ် အသုံးချဆန်းစစ်ခြင်း

ဖြစ်စဉ် (၁) ချီဖွေ၊ ဖရဲရွာ (၃.၂)။ ဒေသခံများသည် သောက်သုံးရေအရင်းအမြစ်ကို ကာကွယ်ရန် ငြိမ်းချမ်းစွာ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ယင်းကို ပေါက်ကွဲစေတတ်သော လက်နက်ဖြင့် လူစုခွဲခြင်းနှင့် တောင်းဆိုသူ (၄၄) ဦးကို ဖမ်းဆီးခြင်းအတွက် ထုတ်ပြန်ထားသောဥပဒေ သို့မဟုတ် စည်းမျဉ်းကို မတွေ့ရပါ။ ရည်ရွယ်ချက်မှာ ရန်ပုံငွေ သို့မဟုတ် စီးပွားရေးအကျိုးစီးပွားကို ကာကွယ်ရန်ဖြစ်နိုင်ပြီး ယင်းသည် အပိုဒ် ၁၉(၃) ပါ တရားဝင် ရည်ရွယ်ချက်များထဲတွင် မပါဝင်ပါ။ ငြိမ်းချမ်းစွာဆန္ဒပြခွင့်ကို လက်နက်ဖြင့် ဖြိုခွဲခြင်းသည် အချိုးညီမျှမှုစံနှုန်းကို ကျော်လွန်သည်။

ဖြစ်စဉ် (၂) ယင်းမာပင် (၃.၃)။ ထုတ်ဖော်ပြောဆိုသူကို ဆိုရှယ်မီဒီယာမှ ခြိမ်းခြောက်ခြင်းနှင့် မိသားစုကို စောင့်ကြည့်ခြင်းသည် ဥပဒေ အခြေခံ လုံးဝမရှိသော ယန္တရားပြင်ပလုပ်ရပ် ဖြစ်သည်။ GC34 စာပိုဒ် (၂၃) အရ ထုတ်ဖော်ပြောဆိုမှုကြောင့် ခြိမ်းခြောက်ခြင်းသည် မည်သည့်အခြေအနေတွင်မဆို အပိုဒ် (၁၉) ကို ချိုးဖောက်သည်။ ထို့ပြင် စွပ်စွဲခံရသူကို ထိန်းသိမ်းထားစဉ်ပင် ခြိမ်းခြောက်နိုင်ခွင့် ပေးထားခြင်းသည် တိုက်ခိုက်မှုများကို ထိရောက်စွာ စုံစမ်းအရေးယူရမည့်တာဝန်ကို ပျက်ကွက်ခြင်း ဖြစ်သည်။ ထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်ခံရသည်ဟူသော စွပ်စွဲချက်သည် ICCPR အပိုဒ် (၇) နှင့် ဂျနီဗာ ဘုံအပိုဒ် (၃) အရ အကြွင်းမဲ့ တားမြစ်ထားသော လုပ်ရပ်ဖြစ်သောကြောင့် လွတ်လပ်စွာ စုံစမ်းစစ်ဆေးရမည် ဖြစ်သည်။

ဖြစ်စဉ် (၃) စဥ့်ကူး Starlink (၃.၄)။ ဤဖြစ်စဉ်တွင် ကော်မတီ၏ စည်းမျဉ်းရှိသော်လည်း ယင်းစည်းမျဉ်းကို မည်သည့်အဆင့်တွင်ပြဋ္ဌာန်းပြီး မည်သို့ ထုတ်ပြန်ခဲ့သည်ကို ရှင်းလင်းမှုမရှိပါ။ လေကြောင်းတိုက်ခိုက်မှုမှ ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်သည် အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူ အေးချမ်းရေးအောက်တွင် တရားဝင်နိုင်သည်။ သို့သော် အချိုးညီမျှမှုအပိုင်းတွင် မေးခွန်း (၃) ခု ပေါ်ပေါက်သည်။

၁ အင်တာနက်သုံးစွဲသူတိုင်း၏ ကိုယ်ရေးအချက်အလက်ကို စုဆောင်းခြင်းသည် ခြိမ်းခြောက်မှုနှင့် တိုက်ရိုက်ဆက်စပ်သော သုံးစွဲသူများကိုသာ ဦးတည်ခြင်းမဟုတ်ဘဲ လူထုတရပ်လုံးကို စောင့်ကြည့်သည့် ယေဘုယျအစီအမံ ဖြစ်သည်။

၂ ကျပ် (၂၀) သိန်းအထိဒဏ်ငွေနှင့် စက်ပစ္စည်း သိမ်းဆည်းခြင်းသည် အနည်းဆုံးထိခိုက်စေသော နည်းလမ်း ဟုတ်၊ မဟုတ် မေးခွန်းထုတ်ရန် လိုအပ်သည်။

၃ Starlink သည် လေကြောင်းတိုက်ခိုက်မှု သတိပေးချက်ကဲ့သို့သော အသက်ကယ် သတင်းအချက်အလက်ကိုရယူရာ လမ်းကြောင်းလည်း ဖြစ်နေသောကြောင့် ကန့်သတ်ချက်က ကာကွယ်လိုသည့် လုံခြုံရေးကိုပင် ပြန်လည် ထိခိုက်စေနိုင်သည်။

ထို့ပြင် အာဏာပိုင်များက ကန့်သတ်ချက်သည် စစ်ရေးအန္တရာယ်ကို မည်သို့ တိကျစွာ လျှော့ချပေးနိုင်သည်ကို ပြည်သူထံ ရှင်းလင်းပြသခြင်း မရှိပါ (GC34 စာပိုဒ် ၃၅)။

ဖြစ်စဉ် (၄) သတင်းသမား ဖမ်းဆီးမှု (၃.၅)။ ဦးတိုးကြီးကို ဖမ်းဆီးရာတွင် မည်သည့်ဥပဒေကို အခြေခံသည်ကို ထုတ်ပြန်ခြင်းမရှိဘဲ ထိန်းသိမ်းထားသည့် နေရာနှင့် အခြေအနေကိုလည်း မိသားစုထံ အသိမပေးပါ။ ယင်းသည် ဥပဒေဖြင့် ပြဋ္ဌာန်းထားရမည်ဟူသော ပထမ စံနှုန်းကိုပင် မပြည့်မီပါ။ "စစ်ရေးသတင်း ပေါက်ကြားမှု" ဟူသော အကြောင်းပြချက်သည် အမျိုးသားလုံခြုံရေးအောက်တွင် တရားဝင်နိုင်သော်လည်း အရပ်သားသေဆုံးမှုနှင့် လေကြောင်း ဗုံးကြဲမှု သတင်းများသည် အများပြည်သူ သိရှိပိုင်ခွင့်ရှိသော သတင်းများ ဖြစ်သည်။ ယင်းသတင်းများကို ဖော်ပြသည့်အတွက် သတင်းသမားကို ဖမ်းဆီးခြင်းသည် GC34 စာပိုဒ် (၃၀) နှင့် မကိုက်ညီပါ။ KIA ၏ ထိန်းသိမ်းမှုအောက်တွင် သတင်းသမားတဦးကို မျက်စိစည်း၍ ရိုက်နှက်ခြင်း၊ ကျောက်ခဲပေါ်တွင် ဒူးထောက်ခိုင်းခြင်းနှင့် မြေအောက်ခန်းတွင် ချုပ်နှောင်ခြင်းတို့သည် စံနှုန်းသုံးရပ်ဖြင့် ချိန်ဆရန်ပင်မလိုဘဲ ICCPR အပိုဒ် (၇) နှင့် ဂျနီဗာ ဘုံအပိုဒ် (၃) ကို ချိုးဖောက်သည်။

မူဝါဒအဆင့် ကန့်သတ်ချက်များ (၄.၁)။ KNU ထိန်းချုပ်နယ်မြေများတွင် သတင်းရယူရန် ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်ဟူသော မူဝါဒသည် ဥပဒေ သို့မဟုတ် မူဝါဒဖြင့် ထုတ်ပြန်ထားသော်လည်း သတင်းသမားများအပေါ် ယေဘုယျ ခွင့်ပြုချက်စနစ် ဖြစ်နေသောကြောင့် GC34 စာပိုဒ် (၄၄) နှင့် မကိုက်ညီနိုင်ပါ။ စစ်ရေးလုံခြုံရေးအတွက် ကန့်သတ်ရန် လိုအပ်ပါက ထုတ်ပြန်၍ မရသော သတင်းအမျိုးအစားကို တိကျ ကျဉ်းမြောင်းစွာ သတ်မှတ်ခြင်းက ပိုမိုသင့်လျော်သော နည်းလမ်း ဖြစ်သည်။

ဇယား (၃) သည် လေ့လာခဲ့သောဖြစ်စဉ်များကို ICCPR အပိုဒ် ၁၉(၃) စမ်းသပ်ချက် (၃) ရပ်ဖြင့် ကနဦး ဆန်းစစ်ထားခြင်း ဖြစ်သည်။

ဇယား(၃) ။ ဖြစ်စဉ်များကို နိုင်ငံတကာစံနှုန်းများဖြင့် ဆန်းစစ်ချက်

ဖြစ်စဉ်	ဥပဒေ/စည်းမျဉ်းဖြင့် ပြဋ္ဌာန်းထားခြင်း	တရားဝင် ရည်ရွယ်ချက်	လိုအပ်ချက်နှင့် အချိုးညီမှု	သက်ဆိုင်သောစံနှုန်း
၃.၂ ချီဖွေ၊ ဖရဲရွာ	ဥပဒေအခြေခံ မတွေ့ရ	ရန်ပုံငွေ သို့မဟုတ် စီးပွားရေးအကျိုး စီးပွား (အပိုဒ် ၁၉ (၃) တွင် မပါ)	လက်နက်ဖြင့် ဖြိုခွဲခြင်းနှင့် အစုလိုက် ဖမ်းဆီးခြင်းသည် အချိုးမညီ	ငြိမ်းချမ်းစွာ စုဝေးခွင့် (ICCPR အပိုဒ် ၂၁)
၃.၃ ယင်းမာပင်	ဥပဒေအခြေခံမရှိ (ယန္တရားပြင်ပ)	မတွေ့ရ	စံနှုန်းဖြင့် ချိန်ဆ၍ မရ	GC34 စာပိုဒ် (၂၃)၊ ICCPR အပိုဒ် (၇)၊ ဂျနီဗာ ဘုံအပိုဒ်(၃)
၃.၄ Starlink	ကော်မတီစည်းမျဉ်းရှိ (ပြဋ္ဌာန်းမှုအဆင့်နှင့် ထုတ်ပြန်ပုံ မရှင်းလင်း)	လေကြောင်း တိုက်ခိုက်မှုမှ ကာကွယ်ရန် (တရားဝင်နိုင်)	ယေဘုယျ ကိုယ်ရေးအချက်အလက် စုဆောင်းခြင်း၊ ဒဏ်ငွေနှင့် သိမ်းဆည်းခြင်းသည် အချိုးမညီနိုင်	GC34 စာပိုဒ် (၄၃)၊ ICCPR အပိုဒ် (၁၇)၊ HRC ဆုံးဖြတ်ချက် (၃၂/၁၃)
၃.၅ သတင်းသမား ဖမ်းဆီးမှု	ဥပဒေအခြေခံ ထုတ်ပြန်ချက် မရှိ	စစ်ရေးလုံခြုံရေး (တရားဝင်နိုင် သော်လည်း သတင်းအမျိုး အစား မသတ်မှတ်)	အများပြည်သူ အကျိုးစီးပွား ဆိုင်ရာ သတင်းကို ပိတ်ပင်ခြင်းသည် အချိုးမညီ	GC34 စာပိုဒ် ၂၃၊ ၃၀၊ ၄၂၊ ICCPR အပိုဒ် ၇ နှင့် ၉၊ ဂျနီဗာ ဘုံအပိုဒ် (၃)၊ IHL စည်းမျဉ်း (၃၄)
၄.၁ KNU မူဝါဒ	မူဝါဒ ထုတ်ပြန်ထား	စစ်ရေးလုံခြုံရေး (တရားဝင်နိုင်)	ယေဘုယျ ကြိုတင်ခွင့်ပြုချက်စနစ်သည် အချိုးမညီနိုင်	GC34 စာပိုဒ် (၄၄)

ဤဆန်းစစ်ချက်အရ လေ့လာခဲ့သော ဖြစ်စဉ်များတွင် လုံခြုံရေး၊ စစ်ရေးဟူသော အကြောင်းပြချက်များသည် တရားဝင်နိုင်သော်လည်း ထိုကန့်သတ်ချက်များကို ဥပဒေဖြင့် ရှင်းလင်းစွာပြဋ္ဌာန်းမှုနှင့် လိုအပ်ချက်နှင့် အချိုးညီမျှမှုအပိုင်းများတွင် အားနည်းချက်များ ရှိနေကြောင်း ညွှန်ပြသည်။ ထို့ပြင် ဤဖြစ်စဉ်များတွင် ယန္တရားပြင်ပမှ ခြိမ်းခြောက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့ မည်သည့်အကြောင်းပြချက်ဖြင့်မျှ တရားမဝင်နိုင်သော လုပ်ရပ်များလည်း ပါဝင်သည်။

အချိုးအစားဆိုင်ရာမှတ်ချက်။ ဤတွေ့ရှိချက်များသည် မြန်မာစစ်တပ်၏ ချိုးဖောက်မှုများနှင့် စနစ်တကျကျူးလွန်မှုအရ တန်းတူညီမျှသည်ဟု မဆိုလိုပါ။ ဤစာတမ်းက တော်လှန်ရေးအင်အားစုများသည် ၎င်းတို့ကာကွယ်လိုသော တန်ဖိုးများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ တရားမျှတမှုနှင့် လူ့ဂုဏ်သိက္ခာကို လက်တွေ့တွင် လေးစားရန် တာဝန်ရှိသည်ဟူသော စံနှုန်းကို အခြေခံ၍ ဆန်းစစ်ခြင်းဖြစ်ပြီး “ရန်သူကိုအကျိုးပြုခြင်း” မဟုတ်ဘဲ တော်လှန်ရေး၏ ရည်မှန်းချက်ကို ကာကွယ်ရန် ရည်ရွယ်သည်။

အခန်း (၅)

သုတေသန နိဂုံး

သုတေသန၏ အဓိကတွေ့ရှိချက်မှာ တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များနှင့် ဒေသအာဏာပိုင်များသည် ဒီမိုကရေစီနှင့် လူ့ရပိုင်ခွင့်ကို မူဝါဒအဆင့်တွင် လက်ခံထားကြသော်လည်း လက်တွေ့မြေပြင်တွင်မူ စစ်ရေး၊ လုံခြုံရေး သို့မဟုတ် တော်လှန်ရေးအတွက်ဟူသော အကြောင်းပြချက်များဖြင့် ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်နေခြင်း ဖြစ်သည်။ ထုတ်ပြန်ထားသောမူဝါဒများ၊ ကြေညာချက်များနှင့် လက်တွေ့ အကောင်အထည်ဖော်မှုကြား ကွာဟချက် ကြီးမားနေသည်။ ဤကွာဟချက်သည် လူ့ရပိုင်ခွင့်နှင့် ကျား-မ တန်းတူညီမျှရေးဆိုင်ရာ သိမြင်နားလည်မှုနှင့် လက်တွေ့လိုက်နာမှုကြား ပဋိပက္ခကို ထင်ရှားစွာ ပြသနေသည်။

> တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များနှင့် ဒေသအာဏာပိုင်များသည် ဒီမိုကရေစီနှင့် လူ့ရပိုင်ခွင့်ကို မူဝါဒအဆင့်တွင် လက်ခံထားကြသော်လည်း လက်တွေ့မြေပြင်တွင်မူ စစ်ရေး၊ လုံခြုံရေး သို့မဟုတ် တော်လှန်ရေးအတွက်ဟူသော အကြောင်းပြချက်များဖြင့် ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နေခြင်း ဖြစ်သည်။

ယခုသုတေသနတွင် လေ့လာခဲ့သော တော်လှန်ရေးအဖွဲ့ဝင်တချို့သည် လူ့ရပိုင်ခွင့်ကို သီအိုရီအဆင့်တွင် နားလည်ကြသည်။ သို့သော် မြေပြင်တွင် အာဏာရလာသည့်အခါ အာဏာအလွဲသုံးစားပြုမှု၊ ခြိမ်းခြောက်မှုနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများ ဖြစ်ပေါ်လာပြီး ယင်းတို့ကို တော်လှန်ရေး ပုံရိပ်ထိခိုက်မည်ဟု အကြောင်းပြကာ နစ်နာကြေးဖြင့်ဖြေရှင်းခြင်း သို့မဟုတ် အဖြစ်မှန်ကို ငြင်းဆိုခြင်းတို့ ပြုလုပ်လေ့ရှိကြသည်။ သုတေသနတွင် လေ့လာခဲ့သော ကဏ္ဍ(၅)ရပ်ဖြစ်သည့် ဖိနှိပ်မှုပုံစံများ၊ အကြောင်းပြချက်များ၊ အုပ်ချုပ်ရေးအားနည်းချက်များ၊ သယံဇာတ စီမံခန့်ခွဲမှုနှင့် ဒစ်ဂျစ်တယ် လွတ်လပ်ခွင့်တို့သည် အပေါ်ယံတွင် ကွဲပြားနေသော်လည်း ပုံစံတူ ယန္တရားတခုအောက်တွင် လည်ပတ်နေကြောင်း တွေ့ရသည်။

ဖိနှိပ်မှုနှင့် တုံ့ပြန်မှုပုံစံများကဏ္ဍတွင် ဝေဖန်သူများနှင့် မေးခွန်းထုတ်သူများကို ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာဖိနှိပ်မှုများ ပြုလုပ်နေကြောင်း တွေ့ရသည်။ အကြောင်းပြချက်များကဏ္ဍတွင် တော်လှန်ရေး အတွက်၊ စစ်ရေးနှင့် လုံခြုံရေးကြောင့်ဟူသော အယူအဆဆိုင်ရာ စကားရပ်များကို အသုံးပြု၍ ချိုးဖောက်မှုများကို တရားဝင်အောင် ပြုလုပ်နေကြသည်။ ထို့အပြင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ လာဘ်စားမှု၊ ငွေညှစ်မှုနှင့် အာဏာ အလွဲသုံးစားမှုများကို တာဝန်ခံမှုယန္တရား အားနည်းသောကြောင့် ထိရောက်စွာ ကိုင်တွယ်နိုင်ခြင်း မရှိကြောင်း လက်တွေ့ တာဝန်ယူမှုနှင့် အုပ်ချုပ်ရေး အကျပ်အတည်း ကဏ္ဍတွင် တွေ့ရသည်။

သယံဇာတစီမံခန့်ခွဲမှုနှင့် ဒစ်ဂျစ်တယ် လွတ်လပ်ခွင့် ကဏ္ဍများတွင်လည်း ပုံစံတူဖိနှိပ်မှုများကို တွေ့ရသည်။ အာဏာပိုင်များသည် ဝေဖန်ချက်များကို အပြုသဘောဖြင့် တုံ့ပြန်မည့်အစား ငါတို့နှင့်ရန်သူ ဟူသော ခွဲခြားသည့် ယုတ္တိကို စိုးမိုးနယ်မြေများတွင် ပိုမို ကျင့်သုံးလာကြသည်။ ယင်း၏ အကျိုးဆက်အဖြစ် ဒေသခံပြည်သူများနှင့် မီဒီယာ များသည် ကိုယ့်ကိုယ်ကို ဆင်ဆာဖြတ်တောက်လာကြပြီး ဒေသခံများနှင့် အုပ်ချုပ်သူများကြား ယုံကြည်မှု ကျဆင်း လာသည်။

ဤတွေ့ရှိချက်များမှ အထင်ရှားဆုံးအချက်မှာ စိုးမိုးနယ်မြေများတွင် ကြုံတွေ့နေရသော ပြဿနာသည် မူဝါဒ မရှိခြင်း မဟုတ်ဘဲ မူဝါဒကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကွာဟနေခြင်း ဖြစ်သည်။ ယခုသုတေသနတွင် လေ့လာခဲ့သော တော်လှန်ရေးအဖွဲ့ဝင်များသည် နယ်မြေစိုးမိုးမှု ရရှိလာပြီးနောက် ၎င်းတို့ ဆန့်ကျင်တွန်းလှန်နေသော အာဏာရှင်များ၏ ကျင့်သုံးပုံများကို ပြန်လည် ကျင့်သုံးလာသည့် အာဏာရှင်ကူးစက်မှု (Authoritarian Contagion) လက္ခဏာများ ပေါ်ပေါက်နေသည်။ ဤအလေ့အထများသည် လက်ရှိ အသွင်ကူးပြောင်းရေး ကာလအတွက်သာ မဟုတ်ဘဲ အနာဂတ်တွင် တည်ဆောက်လိုသော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်၏ အခြေခံအုတ်မြစ်ကို အောက်ပါ အတိုင်း ထိခိုက်စေနိုင်သည်။

ရွေးကောက်ပွဲ ဒီမိုကရေစီ ထိခိုက်ခြင်း။ ဒေသအုပ်ချုပ်ရေးတွင် ပြည်သူက ရွေးချယ်ခြင်း မဟုတ်ဘဲ အထက်မှ တိုက်ရိုက်ခန့်အပ်သည့်စနစ်ကို ကျင့်သုံးနေခြင်း အလေ့အထသည် အနာဂတ်တွင် ရွေး ကောက်ပွဲများကိုရွှေ့ဆိုင်းခြင်း သို့မဟုတ် အာဏာကို ပြည်သူ့ထံပြန်လွှဲရန် ငြင်းဆန်ခြင်းအထိ ဦးတည် သွားနိုင်သည်။

ဖက်ဒရယ်စနစ်ကို ထိခိုက်ခြင်း။ ဖက်ဒရယ်စနစ်၏ အနှစ်သာရမှာ ဥပဒေကို လေးစားလိုက်နာခြင်း၊ ဒေသများကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးခြင်းနှင့် ဒေသခံများ၏ အခြေခံလူ့ရပိုင်ခွင့်များကို ကာကွယ်ပေး ခြင်း ဖြစ်သည်။ မူဝါဒများရှိနေသော်လည်း ဒေသအာဏာပိုင်များက စိတ်ကြိုက်ကန့်သတ်နေပါက

အနာဂတ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား ယုံကြည်မှု ပျက်ပြားမည် ဖြစ်သည်။ ယင်းသည် ဖက်ဒရယ်ပြည်ထောင်စုကို လက်နက်ကိုင်အင်အားဖြင့် အခြေခံသည့် ဒေသန္တရ အာဏာရှင်နယ်မြေများ စုစည်းထားသော နိုင်ငံအဖြစ်သို့ ပြောင်းလဲသွားစေနိုင်သည်။

အာဏာခွဲဝေမှု အားနည်းခြင်း။ အာဏာခွဲဝေမှုစနစ်သည် အပြန်အလှန် ထိန်းကျောင်းမှု (Checks and Balances) အပေါ်တွင် မူတည်သည်။ သို့သော် လက်ရှိတွင် ဝေဖန်မှုများကို ကန့်သတ်ပိတ်ပင်နေပြီး တာဝန်ခံမှုယန္တရားများလည်း အားနည်းနေသည်။ ဤအားနည်းချက်များကြောင့် အနာဂတ်တွင် ကျန်းမာသော အာဏာခွဲဝေမှုကို တည်ဆောက်နိုင်မည် မဟုတ်ဘဲ ခေါင်းဆောင်များက အာဏာကို လက်ဝါးကြီးအုပ်ပြီး အာဏာရှင်စနစ် ပြန်လည် အမြစ်တွယ်လာနိုင်သည့် အခွင့်အလမ်းများသာ ဖွင့်ပေးမည် ဖြစ်သည်။

ယနေ့ တော်လှန်ရေးကာလအတွင်း ကျင့်သုံးနေသော အလေ့အထများသည် အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားနှင့် နိုင်ငံရေးယဉ်ကျေးမှုကို ပုံဖော်နေသည်။ ထို့ကြောင့် တော်လှန်ရေးအင်အားစုများသည် စနစ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များကို ရဲရဲဝံ့ဝံ့ ပြုပြင်ပြောင်းလဲရန် အရေးတကြီး လိုအပ်နေပါသည်။

အခန်း (၆)

အကြံပြုချက်များ

အထက်ပါ ဖြစ်စဉ်လေ့လာချက်များနှင့် တွေ့ရှိချက်များအရ စိုးမိုးနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးနိုင်ပြီး တာဝန်ခံမှုရှိသော ဒေသန္တရ အုပ်ချုပ်ရေးယန္တရားများ ပေါ်ထွက်လာစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများထံ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်။ အကြံပြုချက်တခုချင်းစီ၏ အောက်တွင် ဆက်စပ်သောဖြစ်စဉ် သို့မဟုတ် တွေ့ရှိချက်ကို ဖော်ပြထားသည်။

၆.၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သို့

၁။ တိုင်ကြားမှုယန္တရားကို မြေပြင်အထိရောက်ရှိစေရန်

သက်ဆိုင်ရာ ဝန်ကြီးဌာနအောက်ရှိ တိုင်ကြားစာ ဗဟိုကော်မတီအကြောင်းကို ဒေသခံများ သိရှိစေရန် ဒေသဘာသာစကားဖြင့် အသိပညာပေးရန်။ အမည်ဝှက်၍ လုံခြုံစွာတိုင်ကြားနိုင်သော လမ်းကြောင်းများ (လုံခြုံသော မက်ဆေ့ချ်ပို့စနစ်၊ ဖုန်းလိုင်း၊ မြို့နယ်အဆင့် ဆက်သွယ်ရေးတာဝန်ခံ) ဖွင့်ပေးရန်။ လက်ခံရရှိသော တိုင်ကြားချက်အရေအတွက်နှင့် ဖြေရှင်းပြီးသော အရေအတွက်ကို တိုင်ကြားသူကို ဖော်ထုတ်နိုင်သော အချက်အလက် မပါဘဲ ပုံမှန် ထုတ်ပြန်ရန်။

ဆက်စပ်-၄.၃ (တိုင်ကြားမှုယန္တရားသည် အဖွဲ့အစည်းအဆင့်တွင်သာ ရှိပြီး မြေပြင်သို့ မရောက်ခြင်း)

၂။ ယင်းမာပင် ဖြစ်စဉ်ကို ပွင့်လင်းစွာ အဆုံးသတ်ရန်

ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ပူးတွဲစစ်ဆေးမှုကို သတ်မှတ်ထားသော ကာလအတွင်း ပြီးဆုံးစေပြီး ရလဒ်ကိုထုတ်ပြန်ရန်။ စစ်ဆေးနေစဉ် စွပ်စွဲခံရသူကို ရာထူးမှ ရပ်နားထားရန်နှင့် ဖုန်း၊ လူမှုကွန်ရက်မှတဆင့် ခြိမ်းခြောက်နိုင်ခြင်း မရှိစေရန်။ ထုတ်ဖော်ပြောဆိုသူ ရဲမေနှင့် မိသားစု၏ လုံခြုံရေးကို အာမခံပေးရန်၊ တပ်ရင်းထံသတင်းပို့ရန် ဖိအားပေးခြင်းကို ရပ်တန့်ရန်နှင့် သင့်လျော်သော ကုစားမှုပေးရန်။

ဆက်စပ် – ၃.၃

၃။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအတွင်း ကျား–မ အခြေပြု အကြမ်းဖက်မှု တိုင်ကြားရေးယန္တရား ထူထောင်ရန်

တပ်တွင်း အမိန့်ပေးကွင်းဆက်ကိုကျော်၍ တိုက်ရိုက်တိုင်ကြားနိုင်သော သီးသန့်လမ်းကြောင်း ထူထောင်ရန်။ ယင်းယန္တရားတွင် အမျိုးသမီး တာဝန်ရှိသူများနှင့် အမျိုးသမီးအဖွဲ့အစည်းများ ပါဝင်စေရန်နှင့် ထိခိုက်ခံရသူကို ဗဟိုပြုသောနည်းလမ်းဖြင့် ကိုင်တွယ်ရန်။ ကျား–မ အခြေပြု အကြမ်းဖက်မှုကို လုံးဝလက်မခံသည့် မူဝါဒကို ထုတ်ပြန်၍ တပ်ဖွဲ့ဝင်အားလုံးကို အသိပေးရန်။

ဆက်စပ် – ၃.၃

၄။ ဒေသအုပ်ချုပ်ရေးကို ပြည်သူ့ထံ အဆင့်ဆင့်ပြန်လွှဲရန်

ခန့်အပ်ထားသော ဒေသအုပ်ချုပ်ရေး တာဝန်ရှိသူများ၏ သက်တမ်းကို သတ်မှတ်ရန်။ လုံခြုံရေး ခွင့်ပြုသောရပ်ကွက်၊ ကျေးရွာအဆင့်မှ စတင်၍ ရွေးကောက်တင်မြှောက်ရေး အချိန်ဇယားကို ထုတ်ပြန်ရန်။ ရွေးကောက်ပွဲ မကျင်းပနိုင်သေးသည့် ဒေသများတွင် ဒေသခံများနှင့် ပုံမှန် တိုက်ရိုက် ဆွေးနွေးပွဲများ ကျင်းပရန်။

ဆက်စပ် – ၄.၃

၅။ သတင်းသမားများ ဖမ်းဆီးခြင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ရန်

MOD လက်အောက်ရှိ မည်သည့်တပ်ဖွဲ့မျှ သတင်းရေးသားမှုကြောင့်သာ သတင်းသမားကို ဖမ်းဆီး၍ မရကြောင်း ညွှန်ကြားချက် ထုတ်ပြန်ရန်။ မည်သည့် ထိန်းသိမ်းမှုကိုမဆို သတ်မှတ်ထားသော ကာလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနထံ အစီရင်ခံရန်နှင့် မိသားစုထံ အသိပေးရန်။

ဆက်စပ် – ၃.၅၊ ၄.၁

၆.၂။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များသို့

၆။ သတင်းရေးသားမှုကြောင့် ဖမ်းဆီးထားသူများကို ပြန်လွှတ်ရန်

သတင်းရေးသားမှုကြောင့်သာ ထိန်းသိမ်းထားသော သတင်းသမားများကို ချက်ချင်းပြန်လွှတ်ရန်။ ဦးတိုးကြီးကို ဆက်လက်ထိန်းသိမ်းထားပါက မည်သည့်အဖွဲ့က မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်၊ မည်သည့်စွဲချက်ဖြင့် ထိန်းသိမ်းထားသည်နှင့် ကျန်းမာရေး အခြေအနေကို မိသားစုထံ ချက်ချင်း အသိပေးရန်။

ဆက်စပ် – ၃.၅

၇။ ညှဉ်းပန်းနှိပ်စက်မှုကို ရပ်တန့်၍ စုံစမ်းစစ်ဆေးရန်

ကချင်ပြည်နယ်တွင် သတင်းသမားတဦးကို ထိန်းသိမ်းထားစဉ် မျက်စိစည်းခြင်း၊ ရိုက်နှက်ခြင်း၊ ကျောက်ခဲပေါ် ဒူးထောက်ခိုင်းခြင်းနှင့် မြေအောက်ခန်းတွင်ချုပ်နှောင်ခြင်း စသည့် စွပ်စွဲချက်များကို KIA က လွတ်လပ်စွာ စုံစမ်းစစ်ဆေးပြီး တာဝန်ရှိသူများကို အရေးယူရန်။ ထိန်းသိမ်းထားသူ အားလုံးကို စွဲချက်အသိပေးခြင်း၊ မိသားစုနှင့် ဥပဒေအကြံပေးထံ ဆက်သွယ်ခွင့်ပေးခြင်းနှင့် လူသိရှင်ကြားသိရှိထားသော နေရာများတွင်သာ ထိန်းသိမ်းခြင်းစသည့် အခြေခံအကာအကွယ်များကို လိုက်နာရန်။ ထိန်းသိမ်းရေးနေရာများသို့ လွတ်လပ်သော စောင့်ကြည့်သူများ ဝင်ရောက်ခွင့်ပြုရန်။

ဆက်စပ် – ၃.၅၊ ၄.၄

၈။ ဖရဲရွာဖြစ်စဉ်အတွက် တာဝန်ခံရန်နှင့် သတ္တုတူးဖော်ရေးကို ပြန်လည်သုံးသပ်ရန်

ဖမ်းဆီးထားသော ဒေသခံများထဲမှ ကျန်ရှိနေသူများရှိပါက ပြန်လွှတ်ရန်။ ငြိမ်းချမ်းစွာ တောင်းဆိုသူများကို ပေါက်ကွဲစေတတ်သောလက်နက်ဖြင့် လူစုခွဲခဲ့ပြီး ဒေသခံ (၂) ဦး ဒဏ်ရာရခဲ့သည့် ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန်။ ရေအရင်းအမြစ်များအနီးရှိ သတ္တုတူးဖော်မှုများကို ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် ပြီးဆုံးသည်အထိ ရပ်ဆိုင်းထားရန်နှင့် တူးဖော်ရေး လုပ်ငန်းသစ်များအတွက် ဒေသခံများ၏ သဘောတူညီချက်ကို ကြိုတင် ရယူရန်။

ဆက်စပ် – ၃.၂

၉။ သတင်းမီဒီယာဆိုင်ရာ မူဝါဒများကို ပြန်လည်ပြင်ဆင်ရန်

သတင်းသမားများအပေါ် ယေဘုယျ ကြိုတင်ခွင့်ပြုချက်စနစ်များအစား ထုတ်ပြန်၍ မရသော စစ်ရေး အချက်အလက် အမျိုးအစား (ဥပမာ တပ်နေရာများ၊ ဆောင်ရွက်ဆဲ စစ်ဆင်ရေး အသေးစိတ်) ကို ကျဉ်းမြောင်းတိကျစွာသတ်မှတ်၍ အများသိအောင် ထုတ်ပြန်ရန်။ သွေးကွဲစေသည် ကဲ့သို့သော ကျယ်ပြန့်သောစွပ်စွဲချက်များကို ဖမ်းဆီးရန် အကြောင်းပြချက်အဖြစ် အသုံးမပြုရန်။ မီဒီယာ၏ မေးမြန်းချက်များကို အချိန်မီ ဖြေကြားနိုင်မည့် ပြောရေးဆိုခွင့်ရှိသူစနစ်ကို ထားရှိရန်။

ဆက်စပ် – ၃.၂၊ ၃.၅၊ ၄.၁ (KNU မူဝါဒ)

၁၀။ လူ့ရပိုင်ခွင့်ကျင့်ဝတ်ကို သင်တန်းများတွင် မဖြစ်မနေ ထည့်သွင်းရန်

စစ်ရေးသင်တန်း၊ ဝန်ထမ်းသင်တန်းနှင့် မွမ်းမံသင်တန်းများတွင် လူ့ရပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းသမားများ၏ အခန်းကဏ္ဍနှင့် အရပ်သားများအပေါ် လိုက်နာရမည့် ကျင့်ဝတ်များကို မဖြစ်မနေ ထည့်သွင်းသင်ကြားရန်။ မြေပြင် စစ်ဆေးရေးများတွင် ပါဝင်သော တပ်ဖွဲ့ဝင်များကို ဦးစားပေး သင်ကြားရန်။

ဆက်စပ် – ၃.၄ (Starlink စစ်ဆေးမှုတွင် စိတ်လိုက်မာန်ပါ ပြုမူခြင်း)၊ ၄.၂

၆.၃။ ဒေသအုပ်ချုပ်ရေးအဖွဲ့များသို့

၁၁။ Starlink စည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန်

စဉ့်ကူးမြို့နယ် အရေးပေါ်အုပ်ချုပ်ရေးကော်မတီ အပါအဝင် ဒေသအုပ်ချုပ်ရေးအဖွဲ့များသည် အောက်ပါအတိုင်း ဆောင်ရွက်ရန်။

- သုံးစွဲသူတိုင်းကို မှတ်ပုံတင်ခိုင်းခြင်းကို ရပ်တန့်ရန်။ မှတ်ပုံတင်ရန်လိုအပ်ပါက အများသုံး ဝန်ဆောင်မှုပေးသူများကိုသာ မှတ်ပုံတင်ရန်၊ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဖျက်ပစ်ရန်။
- ဒဏ်ငွေနှင့် ပစ္စည်းသိမ်းဆည်းခြင်းကို အချိုးညီအောင် လျှော့ချရန်။
- ကန့်သတ်ချက်တိုင်းအတွက် ကာလသတ်မှတ်ရန်နှင့် အကြောင်းရင်းကို ပြည်သူထံ ရှင်းလင်းစွာ ထုတ်ပြန်ရန်။
- လေကြောင်းတိုက်ခိုက်မှုသတိပေးချက်၊ ကျန်းမာရေးနှင့် အရေးပေါ် ဆက်သွယ်ရေးအတွက်အသုံးပြုခွင့်ကို အာမခံရန်။
- ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက် ဖြစ်စဉ်တွင် ပြည်သူအပေါ် စိတ်လိုက်မာန်ပါ ပြုမူခဲ့သော တပ်ဖွဲ့ဝင်များကို ဒဏ်ငွေချမှတ်ခံရသည့် ပြည်သူနည်းတူအရေးယူပြီး ရလဒ်ကိုထုတ်ပြန်ရန်။

ဆက်စပ် – ၃.၄၊ ၄.၄

၁၂။ သုံးပွင့်ဆိုင် ပူးတွဲကော်မတီ ဖွဲ့စည်းရန်

အင်တာနက် လွတ်လပ်ခွင့်၊ သယံဇာတ တူးဖော်ရေးနှင့် အခွန်ကောက်ခံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ဒေသအာဏာပိုင်၊ တပ်ဖွဲ့ခေါင်းဆောင်များနှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်သည့် ပူးတွဲကော်မတီမှတဆင့် ချမှတ်ရန်နှင့် ဒေသခံများ၏ သဘောတူညီချက် ရယူရန်။

ဆက်စပ် – ၃.၂၊ ၃.၄

၁၃။ အခွန်နှင့် သယံဇာတ ဝင်ငွေကို ပွင့်လင်းစွာ ထုတ်ပြန်ရန်

အခွန်နှုန်းထား၊ ခွင့်ပြုထားသောဂိတ်များ၏ နေရာနှင့် ကောက်ခံရရှိသော ဝင်ငွေ၊ သုံးငွေကို ပုံမှန် ထုတ်ပြန်ရန်။ ခွင့်ပြုချက်မရှိသောဂိတ်များကို ပိတ်သိမ်းရန်။ ပွင့်လင်းမြင်သာမှု တောင်းဆိုသော ပြည်သူများနှင့် သတင်းသမားများကို ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းမှ ကာကွယ်ရန်။

ဆက်စပ် – ၃.၂ (မကွေးတိုင်း ရေနံမှော် ဂိတ်များ)

၁၄။ ဘက်မလိုက်သော တိုင်ကြားမှုနှင့် အရေးယူမှုစနစ် ထားရှိရန်

ကျူးလွန်သူသည် အာဏာပိုင် သို့မဟုတ် တပ်ဖွဲ့ဝင်ဖြစ်စေကာမူ ဘက်မလိုက်ဘဲ ဥပဒေအတိုင်း အရေးယူရန်။ ကျူးလွန်ခံရသူကို “နစ်နာကြေး” ဖြင့် အမှုကြေအေးရန် ဖိအားပေးခြင်းကို တားမြစ်ရန်။ ကြေအေးမှုတိုင်းသည် ကျူးလွန်ခံရသူ၏ လွတ်လပ်သော သဘောတူညီချက်ဖြင့်သာ ဖြစ်ရမည်။

ဆက်စပ် – ၄.၃

၆.၄။ အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများသို့

၁၅။ ပါဝင်သူ အားလုံး၏ ချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ရန်

မြန်မာစစ်တပ်၏ ချိုးဖောက်မှုများသာမက တော်လှန်ရေးအင်အားစုများ ကျူးလွန်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများကိုလည်း ဘက်မလိုက်ဘဲ မှတ်တမ်းတင်ရန်။ အဖွဲ့အစည်းများကြား အတည်ပြုစစ်ဆေးမှု စံနှုန်းတူညီစေရန်နှင့် မှတ်တမ်းများကို လုံခြုံစွာ သိမ်းဆည်းမျှဝေနိုင်မည့် စနစ် ထူထောင်ရန်။ ဤသို့ မှတ်တမ်းတင်ခြင်းသည် NUG ၏ တိုင်ကြားစာ ကော်မတီ သိမ်းဆည်းထားသောအမှုများကို နောင်တချိန်တွင် တရားမျှတမှု ရရှိစေရန် အထောက်အကူ ဖြစ်စေမည်။

ဆက်စပ် – ၃.၂ မှ ၃.၅ အထိ၊ ၄.၃

၁၆။ ပူးပေါင်းဖိအားပေးမှုကို အမြဲတမ်းစနစ်အဖြစ် တည်ဆောက်ရန်

ယင်းမာပင်ဖြစ်စဉ်တွင် အမျိုးသမီးအဖွဲ့ (၁၆) ဖွဲ့နှင့် အရပ်ဘက်အဖွဲ့ (၁၄၈) ဖွဲ့၏ ပူးတွဲ အိတ်ဖွင့်ပေးစာ ထွက်ပေါ်လာမှသာ NUG က စစ်ဆေးမှု စတင်ခဲ့သည်။ ထို့ကြောင့် ချိုးဖောက်မှု ဖြစ်ပွားသည့်အခါ အမြန်တုံ့ပြန်နိုင်မည့် အမြဲတမ်းညွန့်ပေါင်းအဖွဲ့ (Rapid Response Coalition) ကို ဖွဲ့စည်းရန်။ ကြေညာချက် ထုတ်ပြန်ရုံဖြင့် မရပ်ဘဲ ဖြစ်စဉ်ပြီးဆုံးသည်အထိ ဆက်လက် စောင့်ကြည့်တောင်းဆိုရန်။

ဆက်စပ် – ၃.၃

၁၇။ သတင်းသမားများနှင့် ထုတ်ဖော်ပြောဆိုသူများကို ကာကွယ်ပေးရန်

ခြိမ်းခြောက်ခံရသော သတင်းသမားများ၊ ထုတ်ဖော်ပြောဆိုသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် အရေးပေါ် ရန်ပုံငွေ၊ ဘေးကင်းရာ ပြောင်းရွှေ့နေထိုင်ရေး အကူအညီ၊ ဥပဒေအကူအညီနှင့် ဒစ်ဂျစ်တယ် လုံခြုံရေးသင်တန်းများ ပေးရန်။ ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးရန်။

ဆက်စပ် – ၃.၃၊ ၃.၅

၁၈။ ဒေသခံများနှင့် တိုင်ကြားမှုယန္တရားကြား ကြားခံအဖြစ် ဆောင်ရွက်ရန်

ဒေသခံများကို ၎င်းတို့၏ လူ့ရပိုင်ခွင့်များနှင့် တိုင်ကြားနိုင်သော လမ်းကြောင်းများအကြောင်း အသိပညာပေးရန်။ လက်စားချေခံရမည်ကို စိုးရိမ်သော ဒေသခံများကိုယ်စား တိုင်ကြားချက်များကို လုံခြုံစွာ တင်ပြပေးရန်နှင့် တိုင်ကြားချက်များ မည်သို့ ဖြေရှင်းခံရသည်ကို ဆက်လက် စောင့်ကြည့်ရန်။

ဆက်စပ် – ၄.၃

၁၉။ တော်လှန်ရေး အာဏာပိုင်များနှင့် အပြုသဘောဖြင့် ဆွေးနွေးရန်

အင်တာနက်စည်းမျဉ်းများ၊ မီဒီယာ မူဝါဒများကဲ့သို့ မူဝါဒမူကြမ်းများအပေါ် အကြံပြုချက်များ ပေးနိုင်ရန် တော်လှန်ရေး အာဏာပိုင်များနှင့် ပုံမှန်ဆွေးနွေးပွဲများ ပြုလုပ်ရန်။ သုံးပွင့်ဆိုင် ပူးတွဲကော်မတီများတွင်ပါဝင်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ပါ ကတိကဝတ်များကို လက်တွေ့ လိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်ရန်။

ဆက်စပ် – ၃.၄၊ ၄.၂

၂၀။ ဝေဖန်ခြင်းသည် တော်လှန်ရေးကိုထိခိုက်သည်ဟူသော ဇာတ်ကြောင်းကို တုံ့ပြန်ရန်

ဝေဖန်ထောက်ပြခြင်းသည် တော်လှန်ရေးကို အားနည်းစေခြင်း မဟုတ်ဘဲ ခိုင်မာစေကြောင်း လူထုအသိပညာပေး လှုပ်ရှားမှုများ ပြုလုပ်ရန်။ “ဒလန်” ဟု စွပ်စွဲခြင်းနှင့် အွန်လိုင်း ခြိမ်းခြောက်မှုများကို ခံရသူများအတွက် ပူးပေါင်း ရပ်တည်ပေးရန်။

ဆက်စပ် – ၄.၁၊ ၄.၂

၂၁။ သတင်းမီဒီယာ အဖွဲ့အစည်းများ၏ အလွတ်သတင်းထောက်များအပေါ် တာဝန်

မြေပြင်မှသတင်းပေးပို့နေသော အလွတ်သတင်းထောက်များနှင့် သတင်းတာဝန်ခံများအတွက် လုံခြုံရေး လုပ်ထုံးလုပ်နည်းများ ချမှတ်ရန်။ ၎င်းတို့ ဖမ်းဆီးခံရပါက ပူးပေါင်း ကြေညာချက်များ ထုတ်ပြန်ရန်နှင့် ဆက်လက် စောင့်ကြည့် တောင်းဆိုရန်။ အယ်ဒီတာ့အဖွဲ့များအနေဖြင့် မြေပြင်သတင်းထောက်များကို ကိုယ်တိုင် ဆင်ဆာဖြတ်တောက်ရန် ဖိအားမပေးမိစေရန်နှင့် အရင်းအမြစ်များကို ကာကွယ်ရန်။

ဆက်စပ် – ၃.၅ (UBNA၊ BNA၊ ဖားကန့် အလွတ်သတင်းထောက်)၊ ၄.၁

၆.၅။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များသို့

၂၂။ ထောက်ပံ့မှုတွင် လူ့အခွင့်အရေး စံနှုန်းများ ထည့်သွင်းရန်

တော်လှန်ရေး အုပ်ချုပ်ရေးယန္တရားများကို ထောက်ပံ့ရာတွင် လူ့အခွင့်အရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကတိကဝတ်များကို အခြေခံစံနှုန်းအဖြစ် ထည့်သွင်းရန်။ ယင်းမာပင်ဖြစ်စဉ်နှင့် သတင်းသမားများ ဖမ်းဆီးခံရသည့် ဖြစ်စဉ်များကို NUG နှင့် တော်လှန်ရေးအဖွဲ့များနှင့် ဆွေးနွေးရာတွင် ထည့်သွင်းမေးမြန်းရန်။

ဆက်စပ် – ၃.၃၊ ၃.၅

၂၃။ ဒေသခံ မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ရေရှည် ထောက်ပံ့ရန်

လွတ်လပ်သော ဒေသခံမီဒီယာများ၊ လူ့ရပိုင်ခွင့် မှတ်တမ်းတင်သူများ၊ သတင်းသမား ကာကွယ်ရေးရန်ပုံငွေများနှင့် ဒစ်ဂျစ်တယ်လုံခြုံရေးလုပ်ငန်းများကို ရေရှည်ထောက်ပံ့ရန်။ စစ်တပ်သာမက ပဋိပက္ခတွင် ပါဝင်သူအားလုံး၏ ချိုးဖောက်မှုများကို မှတ်တမ်းတင်သည့် လုပ်ငန်းများကို အားပေးရန်။

ဆက်စပ် – ၃.၂ မှ ၃.၅ အထိ

သုတေသန အစီရင်ခံစာ

တော်လှန်ရေးကာလအတွင်း
လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်
တော်လှန်ရေးအစိုးရများ၊ အင်အားစုများ၏
တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အခြေအနေကို ဆန်းစစ်ခြင်း

ဒအောက်တိုဘာလ၊ ၂၀၂၄